ဥဒယကျော့ရှာစာပေ

# ခင်ခင်ထူး

## တောမင်းသမီး



ဒုတိယအကြိမ်

# အမှာစာ

## (၁)

ကျွန်မတို့ မိသားစု တစ်နှစ်တစ်ခါက် ဆိုသလို ရွာပြန်ကြပြီဆိုလျှင် ရွာစွန်က ကြီးတော်အိမ်ကလေးမှာ တည်းနေကျ ဖြစ်သည် ။ အိမ်က လေးလို့ ပြောရတာက မြေစိုက် ခေါင်စောက်စောက် မကျဉ်းမကျယ် နေဖြစ်ရုံ အိမ်ကလေးဖြစ်ပြီး အိမ်ဝက အထဲကိုဝင်သူတိုင်း ထလက်မိုး တံစက်စွန်းကို ငုံ့ဝင်ကြရခြင်း ကြောင့်ပင်။ သည် အိမ်က ကျွန်မငယ်င ယ်ကတည်းက အဘဆောက်ခဲ့သော အိမ်ဆိုတော့ နှစ်တွေကြာလှပြီ။ ထို အိမ်ကလေးကို ဆက်ခံသော ကျွန်မကြီးတော်က ထရုံပြုတော့ ထရုံလဲ၊ သက်ကယ်ကျဲတော့ သက်ကယ်လဲ နှစ်ပေါင်းများ စွာ သည် လိုနေခဲ့ကြခြင်း ဖြစ်၏။ အိမ်ကလေး၏ အရှေ့တစ်ခြမ်းက ကျွန်းခုတင်ကြီး အပြည့်ခင်းထားလို့ ကျွန်မတို့ မှာ ရွာပြန်လျှင် သည် ကျွ န်းခုတင်ကြီးပေါ် နေကြတာများ သည် ။ ကျွန်းခုတင်ကြီးက ခန်းဝက်စာ နေရာယူထားသလို ခုတင်နှင့် ကပ်လျက်မှာ စားပွဲရှည်တစ်လုံး ချထားပြီး စားပွဲတစ်ဖက်မှာ တန်းလျားခုံတန်းရှည် တစ်လုံးက ကျောက် ချထားသလို မြဲလှသည် ။ သည် အခင်းအကျင်းက ကျွန်မ လူမှန်း သိတ တ်ကတည်းက ကနေ့အချိန်အထိ မပြောင်းလဲ။ စကားပြောကြတော့လ ည်း သည် ပေါ်မှာ ၊ အိပ်ကြတော့လည်း သည် ပေါ်မှာ ၊ မြို့က ဧည့်သည် လာကြသကောလို့ ရွာခံတွေ လာနှုတ်ဆက် ကြတော့လည်း ကျွန်းခုတင်

ကြီးပေါ် တက်ကြတော့သည် ။ ကျွန်မငယ်ငယ်ကဆိုတော့ နှစ်ပေါင်း လေးငါးဆယ်ပင် ရှိခဲ့ပြီ။ ကျွန်းခုတင်ကြီးက အသားတွေ ကောင်းသလောက် ရေနံနာလှသည် ဖြစ်ရာ ခိုင်လှပါ၏။

"မထူးငယ်ငယ်က သည် ကျွန်းခုတင်ကြီးပေါ် ကသာများ တဖြုန်းဖြုန်းနဲ့ ပါတော် ... ပါးစပ်ကလည်း တဂျီဂျီနဲ့ ကျုပ်တို့ ဖြင့် နားများ ညည်းနေတော့သာ ... ဖအေ့ပုဆိုးလည်း မနေရ ... အဘပုဆိုးလည်း မနေရ ... ကျုပ်တို့ အမျိုးထဲ အက မင်းသမီးရယ်လို့ မပါပေသိ ရွာက မဖြားကြီး ကတဲ့ ပွဲများ ကြည့်ရာက ပြန်လာရင် ရှင်ထူးထူးတို့ ဟောဒီ ကျွန်းခုတင်ကြီးပေါ် တက်ကလိုက်စမ်း ဆိုသာ ..."

ကြီးတော်က ကျွန်းခုတင်ကြီးအကြောင်း စကားထဲပါလာလျှင် သည်ခုတင်ကြီးပေါ်မှာ ကျွန်မငယ်ငယ်က ကခဲ့ခုန်ခဲ့သည့် အကြောင်း ဆက်နေကျ။ ကျွန်မတို့ ရွာတွေက မြစ်နားကမ်းနား ရွာဆိုပေသိ ဇာတ်တွေ အငြိမ့်တွေ ခိုခဲကပ်ခဲသည် ။ မပြားကြီး (မဖြားကြီး)ကတော့ ကျွန်မတို့ ရွာသူ။ ရွာနေပြည်ထိုင် မင်းသမီးကြီး ဖြစ်သည် ။ မင်းသမီးနာမည် မမြနု ဆိုသော်လည်း တစ်ရွာလုံးက မဖြားကြီး၊ ရှင်ဖြားကြီး ခေါ်ကြတာဆိုတော့ ကျွန်မတို့ ကလည်း လူကြီးတွေခေါ်သလို ရောယောင်ပြီး မမဖြား ခေါ်လိုက်ကြတာ များ ပါသည် ။

ရွာမှာ အရပ်ဇာတ် အရပ်ပွဲများ ကကြပြီဆိုလျှင် မမဖြားတို့ မောင်နှမတစ်တွေက ဇာတ်စီးလေ့ ရှိကြသည် ။ မမဖြားမောင် ကိုပြေအေးက ရွာမောင်းဆိုင်း ဆိုင်းဆရာ။ တူရိယာ အမျိုးမျိုး တီးတတ်ကြသည် ။ မမဖြားအိမ်သားကလည်း နှဲဆရာ။ ရေးက စင်တော်ပေါက် ဆိုင်းဆရာကြီး ဘိုကေငြိမ်းဆိုတာ မမဖြားတို့ အဖေ ဖြစ်သည် ။ မမဖြား ကိုယ်တိုင်ကလည်း ဟိုတုန်းက နာမည်ကြီး ဇာတ်တွေမှာ နော

က်ပိုင္းမင္းသမီး လုပ္ခဲ့ဖူးသည္ ။ ကၽြန္မတို႔ မိသေလာက္ အရြယ္ကတ
ည္းက ရြာမွာ အထိုင္ၿမဲ အေနၿမဲပါၿပီ။ ကၽြန္မတို႔ ရြာက ကိုယ္ပိုင္ေထာင္
ထားသည့္ "ေတးလုပလင္ မဂၤလာေပ်ာ္ညြန္႔"အဖြဲ႔ကို သည္ ေမာင္ႏွမ တ
စ္ေတြကပဲ ဦးစီးထူေထာင္ခဲ့တာဆိုေတာ့ ညတိုင္း ေပ်ာ္အဖြဲ႔ တီးလုံးတို
က္တာကို ကၽြန္မတို႔ သြားေငးေနက်။ ရြာမွာ တစ္ခါတစ္ရံ ပြဲလမ္းသဘင္
ကေလး ရွားရွားပါးပါးရွိလာလို႔ မမျပား စင္ေပၚတက္ရၿပီဆိုလွ်င္ ကၽြန္မ
စိတ္ထဲမွာ ရြာသူ မမျပား အသြင္ေပ်ာက္သြားၿပီး ဇာတ္မင္းသမီး တစ္လ
က္လို႔ သာ ထင္ေယာင္ၿမဲပင္။ စင္ေပၚက မင္းသမီး ဝတ္စုံႏွင့္ မမျပားကို
အားက်စိတ္ႏွင့္ အိမ္မွာ ကခဲ့ရ ခုန္ခဲ့ရတာ အေမာမဟုတ္လား။ မမျပား
က ပါးပါးလွပ္လွပ္ကေလး ဆိုေတာ့ မင္းသမီးဆက္က်သည္ ။ အသံ
ေကာင္းသည္ ။ ဇာတ္သီခ်င္း ဇာတ္စာေတြကို ပိုင္ပိုင္ႏိုင္ႏိုင္ႀကီး ဆိုႏိုင္
ရြတ္ႏိုင္သည္ ။ ကၽြန္မငယ္ငယ္က ပါးကြက္ၾကားႀကီး ကြက္ၿပီး ရြာထဲ
ေလွ်ာက္သြားေနတတ္သည့္ မမျပား တစ္ျဖစ္လဲ မင္းသမီး မျမႏုကို သူ
တကာထက္ ပိုၿပီးစြဲလမ္းခဲ့ဖူးသည္ ။

ကၽြန္မ အိမ္ေထာင္မက်ခင္ အေမႏွင့္ရြာကို တစ္ေခါက္ျပန္ၾကေတာ့
သေဘၤာဆိုက္ခ်ိန္ ေနာက္က်သျဖင့္ ရြာကို မုိးတိုးေမွာင္ေတာင္မွ ေရာ
က္သည္ ။ ရြာေရာက္ေတာ့ ႀကီးေတာ္တို႔ ႏွင့္ စကားေျပာၿပီး အိပ္ရာဝင္ရ
သည္ ။ မနက္ အရုဏ္ မတက္ခင္ကေလးမွာ ပဲ ကၽြန္မ ႏိုးလာခဲ့ပါ၏။
ေဝးေဝးတစ္ေနရာဆီက သီခ်င္းသံေအး ေအးခ်ိဳခ်ိဳကို ၾကားေနရသည္ ။
ခပ္ေမွာင္ေမွာင္ ထဲမွာ ပဲ ကၽြန္းခုတင္ႀကီးေပၚကေန သီခ်င္းသံကို ကၽြန္မ
နားစြင့္ၾကည့္ေတာ့ မမျပားအသံ။ ဇာတ္သီခ်င္းတစ္ပုဒ္ကို ေဆြးေဆြးျမ
ည့္ျမည့္ ဆိုညည္း ညည္းေနျခင္းျဖစ္သည္ ။ ကၽြန္မညီမကို ေမးေတာ့ "
ဟုတ္ပ့ါေတာ္ ... သည္ ကေန႔ ဂင့္ဂဲေစ်းေန႔ေလ ... မမျပား
အေၾကာ္ထေၾကာ္ေနၿပီ ထင္ပါရဲ႕ "တဲ့ ။ မမျပားခမ်ာ အရြယ္ကေလး ရ

လာကတည်းက ရွာစုံကလူတွေ အကူးအလူးများ သည့် ဈေးနေ့တိုင်း လှည်းလမ်းကျသည့် ရွာလယ်လမ်းမမှာ အကြော်ကြော် ရောင်းနေသတဲ့ ။ ကျွန်မ အိပ်ရာထဲမှာ မနေနိုင်တော့။ မမဖြားအကြော်ဖိုရှိရာကို အမှောင်ထဲမှာ ပဲ သွားလိုက်သည် ။ ကျွန်မကိုမြင်တော့ မမဖြားက အံ့သြသည့်ဟန်ဖြင့် "ဟောတော် မထူးကြီး ... ညည်း ဘယ်တုန်းက ရွာရောက်သတုံးဟဲ့" တဲ့ ။ အားရပါးရကြီးပါပဲ။ အကြော်တွေကို ဆီပူထဲ ထည့်လိုက်၊ ဆယ်လိုက် လှန်လိုက်လုပ်ရင်း ကျွန်မကို စကားပြောနေသည့် မမဖြားကို ကျွန်မ ငေးကြည့်နေမိပါသည် ။ ဟုတ်ပါရဲ့ ။ မမဖြား အရွယ်ရရှာပါပြီ။ တစ်ချိန်က ကျွန်မတို့ ရွာသူ မင်းသမီးဟောင်းကြီး။ တတ်လိုက်သည့် စာတွေ၊ ရလိုက်သည့် သီချင်းတွေ။ အခုတော့ အကြော်ဖိုမှာ အကြော် ကြော်နေရသည့် ကြီးတော်ကြီး ဖြစ်နေပါရော့လား။ မင်းသမီးတစ်လက်ရယ်လို့ တတ်ထားသည့် ပညာတွေ၊ ဘော်ကြယ်ထိုး ခါးတောင် အင်္ကျီနှင့် ပြန့်ထဘီတွေ ဘယ်များ ရောက်ကုန်ပါလိမ့်။

ကျွန်မက "မမဖြား သီချင်း ညည်းသံကြားလို့ ထလာတာ ... ဟိုအရင် ဇာတ်စင်ပေါ်မှာ ဆိုခဲ့ ငိုခဲ့တဲ့ သီချင်းတွေကော မှတ်မိသေးလား"ဆိုတော့ "သီချင်းတွေ စာတွေ သံချေးကိုက်ကုန်ပြီ မထူးရဲ့ "တဲ့ ။ မှတ်တမ်းမှတ်ရာ စာအုပ်စာတမ်း မကျန်ခဲ့ဘူးလားဆိုတော့ "ရှိပ့ါအေ"တဲ့ ။ ကျွန်မကြည့်ချင်လို့ ဆိုတော့ "ညကျ အိမ်ဘက်လျှောက်လာခဲ့လေ"တဲ့ ။ ညဘက် ကျွန်မသွားတော့ မမဖြားက မုန့်ကြော်ကလေးနှင့် ဧည့်ခံရင်း သူ့မှတ်စု စာအုပ်လယ်ဂျာကြီးကို ထုတ်ပြရှာပါသည် ။ ကျွန်မက ဆိုပြ ငိုပြခိုင်းတော့ အတန်တန် ငြင်းရှာသည် ။ တော်တော်ကြီး ပြောတော့မှ ပန်းပဲမောင်တင့်တယ် ဇာတ်ထုပ်ကခဲ့စဉ်က နှမ မမြတ်လှနေရာက ကခဲ့သည့် ငိုချင်းတွေ ဆိုပြရှာသည် ။ အသံအောင်တုန်း၊ အသံနေ အသံထားတွေ ကောင်းတုန်း၊ မင်းသမီး၏ သီဆိုခြင်း အနုပညာတွေ ပြည့်တုန်း၊ အမူအ

ရာ မပါပေသိ လွမ်းလောက်အောင် ဆိုနိုင်တုန်း။ ကျွန်မတို့ ငယ်ငယ်က အထင်ကရရှိခဲ့ရသော မင်းသမီးကြီးတစ်လက်၏ ဘဝပုံရိပ်တွေက ကျွန်မရင်ထဲ ခိုဝင်လာခဲ့သည် ။ ဘယ်လောက်ပင် ပညာဝမ်းစာပြည့်ပြည့် သဘင်အနုပညာ သမားတွေအဖို့ ရာ အိုမင်းတွင်းဆုံး ရှိလာသည် နှင့် ဘဝအာမခံချက်ရယ်လို့ မရှိကြတော့ပြီ။ မမပြား၏ အကြော်ဖိုမှာ ထိုင်ဖြစ်ခဲ့သော ထိုမနက်ကပင် ကျွန်မအဖို့ ရာ "တောမင်းသမီး" လုံးချင်းဝတ္ထုကြီးတစ်အုပ် ရေးရန်အကြောင်း ရှိလာခဲ့ပါ၏။

(၂)

၂၀၀၆ ခုနှစ်ထဲမှာ ကျွန်မ ရေစကြိုနှင့် မြိုင်နယ်အစပ်က တောင်ဦးရွာကို စာပေဟောပြောပွဲ ရောက်ဖြစ်ခဲ့သည် ။ ကျွန်မတို့ နှင့်ခင်မင်သော နာမည်ကျော်ဆိုင်းဆရာ ကိုအောင်လွင်က ရေစကြို ပေကုန်းရွာက မင်းသမီး ဒေါ်စပယ်အေး အကြောင်းပြောရင်း "ဒေါ်စပယ်အေးက ဆရာမတို့ ဥဒယရွာက မင်းသမီး မမြနုရဲ့ တပည့် ဆရာမရဲ့ " ဆိုတော့ ကျွန်မ စိတ်ဝင်စားမိသည် ။ နက်ဖြန်မနက် မန္တလေးအပြန် ကျွန်မတွေ့ပါရစေပြောလို့ ဆိုင်းဆရာ ကိုအောင်လွင်က ရေစကြို တမာတန်းလမ်းဆုံမှာ ပေကုန်းရွာသူ မင်းသမီးကြီး ဒေါ်စပယ်အေးနှင့် တွေ့ပေးသည် ။ သမီးကလေး ပါလာလို့ မေးကြည့်တော့ သမီးကလည်း မင်းသမီးဖြစ်နေပြီဆိုပါ၏။ သည် လိုနှင့် ကျွန်မမေးသမျှ မေးခွန်းတွေကို ဒေါ်စပယ်အေးက ဖြေရုံတင်မက ဧယဉ်ကျူးပြ၊ ငိုချင်းချပြနှင့် တောမင်းသမီးတွေ ပညာယူရသည့် ဘဝတွေကိုပါ ပြောသည် ။ စိတ်ဝင်စားစရာ ကောင်းရုံမက ကျွန်မရင်ထဲ ခံစားခဲ့ရသော တောမင်းသမီးများ ၏ ဘဝတွေ

ကို ရေးချင်စိတ်ကိုပါ တစ်ဆင့်တိုး လှုပ်နှိုးလိုက်သလို ရှိခဲ့ရပါ၏။ ကျွန်မတို့ ပြန်မည့် ပခုက္ကူ-မန္တလေးကား ရောက်လာလို့ စကားဖြတ်ခဲ့ရပေသိမတင်းနိုင်မတိမ်နိုင် ဖြစ်ခဲ့ရသည် ။ ဒေါ်စပယ်အေးဆီက အတွေ့အကြုံတွေကို ကျွန်မ ကောက်သင်းကောက်သလို ရယူချင်သေးသည် ။ ဒေါ်စပယ်အေးကလည်း "ပြောရဆိုရတာ အားမရပါဘူး ဆရာမရယ် တစ်ခါလောက် ပေကုန်းရွာကို လာခဲ့ပါဦး"ဆိုလို့ ကျွန်မကလည်း ရောက်အောင် လာခဲ့ပါ့မယ် ကတိပေးခဲ့သည် ။ တကယ်လည်း ရောက်အောင် သွားခဲ့ပါ၏။

"ဆရာမတို့ ဥဒယရွာက မင်းသမီး မမပြားတပည့်တွေ အများကြီးရယ် ... ရေစကြို ဖြူဘူးရွာကထွက်တဲ့ မင်းသမီး စိန်ဘူးစိကလည်း မမပြားတပည့်ပဲလေ ... ကျွန်မဆရာ မင်းသမီးစိန်ဘူးစိက ရေစကြိုမှာပဲနေတယ်"

ဒေါ်စပယ်အေးကပဲ သတင်းပေးပြန်သည် ။ ကျွန်မအမေတို့ ပြောဖူးသည့် မင်းသမီး စိန်ဘူးစိအကြောင်း ကျွန်မလည်း အကြားနာခဲ့ဖူးပါ၏။ နာမည်ကြီးမင်းသား ပန်တျာကြည်လင်း မင်းသား ညီဝင်းစိန်တို့ နှင့် တွဲခဲ့သည့် ကျွန်မတို့ နယ်ထွက် မင်းသမီးကြီး မဟုတ်လား။ ရေစကြိုက မိတ်ဆွေများကျေးဇူးဖြင့် အဆက်အသွယ်ရခဲ့သည် ။ ကျွန်မက ဥဒယက ဆွေမျိုးတွေအကြောင်း ပြောပြတော့ မင်းသမီးကြီးက ညည်းနဲ့ ငါ ဆွေမျိုးစပ်ရင် တော်ပါသေးကောအေတဲ့ ။ မင်းသမီးကြီး စိန်ဘူးစိက သူ့ဘ၀ သူ့အကြောင်းတွေကို ပြောပြတာ ဝေဝေဆာဆာ ရှိလှပါ၏။ ဆိုပြငိုပြရုံ အားမရသေးဘဲ မတ်တတ်ရပ်ပြီး သရုပ်ဆောင်ပြ၊ လူးလိမ့်ပြ ၊ ကျွမ်းထိုးပြနှင့် တကယ့်ဇာတ်ခုံပေါ်မှာ ကပြနေသလို ထင်ယောင်လာရပါ၏။ သဘင်ပညာနှင့် ပတ်သက်ပြီး အတွေ့အကြုံ ကြီးခဲ့ရုံမက မင်းသမီးများ ၏ စိတ်နေဟန်ပန်၊ စရိုက်တွေကိုပါ ပေါ်လွင်အောင် ပြောပြသွား

ခဲ့သည် ။ သည် လိုနှင့် ရေစကြိုကို နှစ်ခေါက် သုံးခေါက်ရောက်ခဲ့ရသည် ။ တောမင်းသမီးတွေ အကြောင်း ရေးချင်စိတ် ရှိနေသည့် ကျွန်မအဖို့ ရာပညာပြည့် မင်းသမီးတွေကို တွေ့ဆုံပြီး တစ်ဖက်ကလည်း သူတို့ ဘဝကို မှတ်တမ်းတင်၊ တစ်ဖက်ကလည်း ကျွန်မစိတ်ကူးထဲက တောမင်းသမီးတွေရဲ့ စရိုက်သဘာဝတွေကို ရယူနိုင်လျှင် သဘင်သုခုမနှင့် ဆိုင်သည့် လုံးချင်းတစ်အုပ် ဖြစ်ကောင်းရဲ့ လို့ စိတ်ပိုင်းဖြတ်မိသည် ။

သည် လိုနှင့် စခဲ့သည့် ကျွန်မ၏ ပညာပြည့်မင်းသမီးကြီးများ ရှာပုံတော်ခရီးသည် နောက်ပိုင်းမှာ လိုက်ရင်းရှာရင်းက ထင်သလောက် မလွယ်မှန်း သိလာခဲ့ရပါ၏။ တချို့က မရှိရှာကြတော့။ တချို့က ခဲကြီးယဉ်းကြီး သင်ယူခဲ့သည့်ပညာတွေ အသက်အရွယ်အရ မေ့လျော့ကုန်ကြပြီ ။ တချို့က သီလရှင်ဘဝ ရောက်နေကြလို့ နစ္စဂီတကိစ္စတွေ မပြောပါရစေနဲ့ တော့ ဆိုကြသူတွေလည်း ရှိသည် ။ သည် ကြားထဲကပဲ ကျွန်မမေးနိုင်မြန်းနိုင်ခဲ့လို့ ရကောင်းရရာတွေ တော်တော်များများ ရခဲ့ပါသည် ။ တချို့ မင်းသမီးကြီးတွေက ဘဝခရီးတစ်လျှောက် သူတို့ လက်ရေးကလေးတွေနှင့် ရေးမှတ် တေးမှတ်ထားကြသော မှတ်စုမှတ်တမ်း စာအုပ်ကလေးတွေ ပုံတိုက်ရှိကြလို့ ဝမ်းသာရပါသည် ။ ကျွန်မတွေ့ဖြစ် မေးဖြစ်ခဲ့သော မင်းသမီးကြီးတွေထဲမှာ တကယ့်ကို သဘင်သုခုမကို တစ်သက်ပတ်လုံး ပိုက်ပိုက်ပွေ့ပွေ့ ရှိခဲ့ကြသည့် မင်းသမီးတွေ ပါသလို အရွယ်အရ ငယ်ပင်ငယ်ကြသေးသော်လည်း သူတို့ ဘဝအစ ပညာယူခဲ့ရပုံတွေ၊ ဘဝဖြတ်သန်းမှု အတွေ့အကြုံတွေ၊ အခက်အခဲတွေကို ပြောပြနိုင်ကြလို့ မှတ်မှတ်သားသား မေးရမြန်းရတာလည်း ရှိခဲ့ပါသည် ။

ကျွန်မ လူတွေ့တွေ့ဆုံ မေးမြန်းဖြစ်ခဲ့သော အစဉ်အတိုင်းဆိုလျှင် ဒေါ်စပယ်အေး (ရေစကြို)၊ ဒေါ်စိန်ဘူးစိ (ရေစကြို)၊ ဒေါ်ထိပ်သီးသန်းသ

န်း( မန္တလေး)၊ ဒေါ်သာစည်ခိုင်(သာစည်)၊ ဒေါ်ရှမ်းမငွေကျင် (ပခုက္ကူ)၊ ဒေါ်ချစ်စနိုးတင်ကြည် (ပခုက္ကူ)၊ ဒေါ်မိမိလှိုင် (ပခုက္ကူ)၊ ဒေါ်မူယာဝင်း ( ကျောက်ပန်းတောင်း)၊ ဒေါ်ရဲဇာနည်ခင်ထွေးရီ (ကျောက်ပန်းတောင်း)၊ ဒေါ်ရေနံ့သာ စန်းစန်းမော် (ကျောက်ပန်းတောင်း)၊ ဒေါ်မာယာသန်း ( ကျောက်ပန်းတောင်း)၊ ဒေါ်သီတာမြိုင် (ကျောက်ပန်းတောင်း)၊ ဒေါ်ပန်တျာတင်တင်မြင့် (ရွှေပေါက်ကျွန်း)၊ ဒေါ်ဗေဒါရီ (မန္တလေး) နှင့် ဒေါ်မလှိုင်သန်းသန်းမြင့် (ရန်ကုန်) တို့ ဖြစ်ပါသည် ။

၂၀၀၆ခုနှစ်ကစခဲ့သည့် ကျွန်မအဖို့ ရာ တောမင်းသမီး လုံးချင်းဝတ္ထုချရေးဖြစ်ခဲ့သည့် ၂၀၁၂ခုနှစ်အထိ ဆိုတော့ စုခဲ့ဆောင်းခဲ့ရသည့် ကာလသည် ပင်လျှင် ၆နှစ်ကျော် ကြာခဲ့သည် ဟု ပြောနိုင်ပါ၏။ မင်းသမီးကြီးများ ၏ အင်တာဗျူး တိပ်ခွေတွေကို ပြန်ကူးတာကပဲ စာမျက်နှာ ၃၀၀ ကျော် ရှိခဲ့သည် ။ သည် မှတ်စုတွေထဲကမှ ကျွန်မရေးမည့် လုံးချင်း ဝတ္ထုအတွက် စရိုက်သဘာဝတွေကို သီးခြား ခွဲထုတ်ပြီး ကျွန်မ၏ တောမင်းသမီးဇာတ်ရုပ် မင်းသမီး ဥသြသံအေးကို ပုံဖော် ဖွဲ့နွဲ့ရပါသည် ။ သည်လို မင်းသမီးကြီးများ ၏ အတွေ့အကြုံများကို အခြေခံခဲ့လို့ သာ တောမင်းသမီး လုံးချင်းဝတ္ထု ရေးနိုင်ခဲ့ခြင်း ဖြစ်ပါ၏။ သည် ကျေးဇူးတရားကို ကျွန်မ ဦးထိပ်ထား ဖော်ပြအပ်ပါသည် ။

## (၃)

"မင်းသမီးတွေကတော့ များ ပါရဲ့ ... လူထုထဲကျတဲ့ မင်းသမီးဆိုတာ သိပ်ကိုရှားပါတယ်"လို့ မင်းသမီးကြီးတွေက ပြောတတ်ကြသည် ။ လူထုထဲကျတဲ့ မင်းသမီးဆိုတာ ပွဲကြည့်ပရိသတ်စိတ်ထဲ ထွင်းထွင်းဖောက်

ဖောက် ရင်နှင့်အမျှ စွဲမက်ကြသော ထင်ရှားသည့် မင်းသမီးမျိုးကို ဆိုလိုခြင်း ဖြစ်ပါ၏။ ပွဲကြည့်က ချစ်ခင်လေးစားသည့် မင်းသမီးကောင်း တစ်လက်ဖြစ်ဖို့ ဆိုတာကလည်း တကယ့်ကို မလွယ်ကြောင်း မေးရင်း မြန်းရင်းဖြင့်ပင် ကျွန်မ သိလာခဲ့ရပါ၏။ ပရိသတ်ဆီက ပညာတော်သ ဟဲ့၊ ဇာတ်ရုပ်နိုင်သဟဲ့၊ စာရသဟဲ့၊ အသံကောင်းသဟဲ့၊ မင်းသမီး ဆက် ကျသဟဲ့လို့ ဩချရသည့် မင်းသမီးမျိုးက တော်ရုံပါရမီနှင့် မဖြစ်နိုင်ပါ။ ရှေးက မင်းသမီး အတတ်ပညာရဖို့ မင်းသမီးကြီး၊ မင်းသားကြီးတွေထံ မှာ ကျိုးကျိုးနွံနွံ ရိုရိုသေသေ အဆူအငေါက်ခံ အောက်ခြေသိမ်း လုပ် ပေးကြရင်း တစ်တက်ချင်း တစ်ဖွဲ့ချင်း ပညာယူကြရသည် ။ အခြေခံက စလို့ တစ်ဆင့်ထက် တစ်ဆင့် ပညာရင့်အောင် ကိုယ်တိုင်က ကြိုးစားရ တာမျိုးဆိုတော့ တော်ရုံဇွဲနှင့် မင်းသမီးကောင်း တစ်လက် မဖြစ်နိုင်။ ဇာ တ်စာ၊ ဇာတ်စကားတွေ ကျတော့လည်း ကျေအောင် ညက်အောင် ကျက်ကြရ မှတ်ကြရရုံဖြင့် မပြီး၊ သည် ဇာတ်စာ ဇာတ်စကားတွေကို ဌာ န်ကရိုဏ်းကျကျ ရွတ်နိုင်ဖတ်နိုင်ဖို့ လေယူလေသိမ်းကအစ အသံတင် အသံချအဆုံး ဆရာ့ထံမှာ နည်းယူရင်း တီထွင် ဉာဏ်ကလေးဖက် ကိုယ် ပိုင်ဟန် ဖြစ်အောင် ကြိုးစားကြရသည် ။ သည် တော့မှာ ဇာတ်ခုံပေါ် တ က်ဝံ့ကြသည် ဆိုပါ၏။ သည် လို ပညာသင်ယူကြရပုံတွေ ကြားရသိရပြ န်တော့ ဘဝတစ်ဝက်စာ ရင်းရတာပါလားလို့ တွေးမိရ၏။ ချစ်ခင်လေး စားစိတ် ပိုရပါ၏။

မင်းသမီးဘဝ ဖြတ်သန်းမှုတွေကို ပြောပြတော့လည်း ခက်ခဲကြမ်း တမ်းလှချေကောလို့ အောက်မေ့မိရပါသည် ။ ခရီးလမ်းပန်း မသာယာ သော ခေတ်ဆိုးခေတ်ကျပ်ကြီးထဲ လှေတစ်တန် လှည်းတစ်တန် မလုံမခြုံ သွားရလာရတာတွေ၊ တစ်ရွာတစ်ရွာရောက်လို့ နေရထိုင်ရ အဆင်မပြေ ဖြစ်ကြရပုံတွေ၊ ဇာတ်ခုံပေါ်မှာ တက်ပြီး တတ်ထားသည့် ပ

ညာကလေးနှင့် ကပြရသော်မှ ပညာမပြည့်လျှင် ပရိသတ်အချို့က အော်တာငေါက်တာ ချိုးချိုးဖွဲဖွဲပြောတာ ခံကြရပုံတွေ၊ စုန်းလို၊ တစ္ဆေလို နာနာဘာဝတွေကအစ လူ့စရိုက်ကြမ်း စရိုက် ဆိုးသူတွေအဆုံး မင်းသမီးများ ခမျာ ကိုယ့်အသက်နှင့်အရှက် ဖက်နှင့်ထုပ်ထားရသလို ကြီးလန့်စာစား ရှိခဲ့ရပုံတွေ၊ တချို့ရွာတွေမှာ ရှိတတ်သော ကျောင်းတော်က ရန်စကြောင့် ဖြစ်ရသည့်ပွဲခင်းထဲ ရိုက်ကြနှက်ကြ ခုတ်ကြထစ်ကြ တာတွေကြောင့် ပြေးရလွှားရတာတွေ၊ ရေကြမ်းမြေကြမ်း နေကြမ်းလေကြမ်း မြစ်ကူးချောင်းခြား မနေမနား သွားရလာရတာတွေ၊ ကိုယ့်အနုပညာကြေးကို ဖြတ်စားလျှပ်စား ခွဲဝေယူကြသူတွေ ရှိသလို တချို့ ဇာတ်ထောင်တွေက မင်းသမီးကလေးများ အပေါ်နိုင်စားကြပုံတွေ၊ သည် ကြားထဲ ဇာတ်ခုံ မီးလောင်တာမျိုး၊ လေနီကြမ်းကျတာမျိုးလို ဝရန်းသုန်းကား ဖြစ်ပျက်ခဲ့ရပုံတွေ စသည် ဖြင့် မင်းသမီးကြီးများက သူတို့ ဘဝ အတွေ့အကြုံတွေကို မခြွင်းမချန် ကြေကြေကွဲကွဲ ပြောပြကြတာ ကြားရတော့လည်း ကျွန်မ သက်ပြင်းအခါခါ ချမိရပါ၏။

"ဆရာမနှယ်၊ ကျုပ်တို့ တုန်းက မင်းသမီးတစ်လက်ဖြစ်ဖို့ သံရိုးကုန် သင်ရိုးကုန် မဟုတ်တောင်မှ အလှူမှာ ဘုန်းကြီးပျံမှာ ဘတော်ပျံ မယ်တော်ပျံမှာ ဆိုနိုင်ငိုနိုင်အောင် လောကရေး ဓမ္မရေးကအစ၊ အလှူဘိသိက်ခန်း မင်္ဂလာဘိသိက်ခန်း ဘုရားပင့် နတ်ပင့် နတ်ပို့ အလယ်၊ နတ်ချင်းနတ်ချော့ ရေကင်းသံ လေ့တော်သံ ဗုံထောက်သံ အိုးစည်သံ ဒိုးပတ်သံလို အသံတွေ ဝေနေအောင် ရပါမှ ထမင်းတစ်လုတ် စားဖြစ်တာပါ ... အခုများ ကျွန်မတို့ က မင်းသမီး ပေါက်စတွေကို အမေ သင်ပေးစမ်းပါရစီဆိုတော့ အဲဒါတွေ မလိုတော့ပါဘူးအမေရယ် ဖြတ်လမ်းက ပို့ပေးပါတဲ့ ...၊ ပြောရတယ် ... တို့ များ တော့ ဖြတ်လမ်း မသိခဲ့ပေါင်အေ

... မသိတော့လည်း ပို့မပေးတတ်ပါဘူး ... ညည်းလျှောက်မယ့်ခရီး ညည်းတော်သလိုသာ သွားပါတော့လို့ ... သွားလည်း သွားကြပါရဲ့ လွှားလည်း လွှားကြပါရဲ့ "

မင်းသမီးကြီး တစ်ဦးချင်းစီ၏ ပြောပြချက် အနုပညာနှင့် ဘဝအထွေထွေကို ကျွန်မ သီးခြားစာအုပ်တစ်အုပ် ရေးဖို့ လည်း ရှိပါသည် ။ မင်းသမီးကြီးတွေကလည်း ခွင့်ပြုကြလို့ ကျေးဇူးတင်ရပါ၏။ မင်းသမီးကြီးများ ၏ ဘဝတစ်ဆစ် တစ်ပိုင်းစီကို အမျှစုပြီး တောမင်းသမီး လုံးချင်းဝတ္ထုကို ဇာတ်ကောင်ဇာတ်ရုပ်မွေးကာ ကျွန်မ ရေးဖြစ်ခဲ့ပါပြီ။ ကျွန်မစိတ်ကူးထဲက ဇာတ်လမ်း၊ ကျွန်မအတွေးထဲက ဇာတ်ရုပ် ဇာတ်ဆောင်တွေဆိုပေသိ မင်းသမီးဘဝ မင်းသမီး သရုပ်ပေါ်အောင် ကျွန်မ အတတ်နိုင်ဆုံး အားထုတ်ခဲ့ပါသည် ။ ဝတ္ထုဇာတ်လမ်းအရ ပါဝင်ရသော ဇာတ်ကောင်တွေထဲမှာ သဘင်လောကထဲက နာမည်တူများ ပါနေခဲ့ပါလျှင် တစ်လက်စတည်း တောင်းပန်ချင်ပါသည် ။ ကျွန်မစိတ်ကူးဇာတ်ကောင်များကို ကျွန်မအတွေးဖြင့်သာ ပုံဖော်ရေးဖွဲ့ ခဲ့ခြင်းဖြစ်၍ တစ်စုံတစ်ရာ မလှမပ ရှိရသည် ဆိုလျှင်လည်း နားလည်ပေးကြစေချင်ပါသည် ။

(၄)

"တောမင်းသမီး" လုံးချင်းဝတ္ထု ရေးသားနိုင်ဖို့ အတွက် ကျွန်မကို ဝိုင်းဝန်းကူညီခဲ့ကြသော စာပေမောင်နှမများ နှင့်တကွ မြို့ခံစာပေချစ်သူများ ၏ ကျေးဇူးကလည်း ကြီးလှပါ၏။ အင်တာဗျူးခရီးတွေမှာ သွားရေးလာရေးကအစ ကူညီပေးကြသော ကိုသက်အောင်ဝင်း၊ မသိမ့်သိမ့်

ထွေး၊ ကိုခင်ဇော်၊ ကိုကျော်ဆန်းတို့ ကိုလည်းကောင်း၊ ကျောက်ပန်းတောင်းမြို့မှ ကိုခင်မောင်ချို(နွေနှင်းဝေစာပေ)၊ ကိုမင်းဆွေ၊ ကိုထွေးနှင့် ဒေါ်ညွန့်ညွန့်ရီ (ဖိုးပါကြီးမိသားစု)၊ သာစည်မြို့မှ ဦးအောင်ပိုင်၊ ကိုမျိုးနှင့် မမြသန္တာ မောင်နှမများ ၊ ပခုက္ကူမြို့မှ ဆရာသာလွန်ကျော်နှင့် အစ်မကြီး ဒေါ်ခင်ဝင်းရီ မောင်နှမ၊ ရေစကြိုမြို့မှ စာပေမိတ်ဆွေများ နှင့် ဆိုင်းဆရာ ကိုအောင်လွင်၊ မန္တလေးမြို့မှ လူရွှင်တော်ကြီး ဦးရန်အောင်၊ ဦးသပြေဂျာအေး၊ ဆရာသိန်းသန်းဝင်း(မလှိုင်)နှင့်တကွ ကူညီခဲ့ကြသူအားလုံးကိုလည်းကောင်း ကျေးဇူးတင်ပါကြောင်း ပြောလိုပါသည် ။

ကျွန်မ ရေးဖြစ်သည့် တောမင်းသမီး အခန်းဆက်ဝတ္ထုရှည်အတွက် ၃၄လတိုင်တိုင် နေရာပေး ဖော်ပြပေးခဲ့သော ရွှေအမြုတေ မဂ္ဂဇင်းအယ်ဒီတာချုပ် ဆရာဦးဝင်းငြိမ်းနှင့် ရွှေအမြုတေမိသားစု၊ လစဉ် မဂ္ဂဇင်းသရုပ်ဖော်ပုံများကို ခံစားမှုနှင့် ရေးဆွဲပေးခဲ့သော ဆရာဆန်နီညိမ်း၊ ဒုတိယအကြိမ် အဖုံးပန်းချီရေးဆွဲပေးပါသော ဆရာ M.P.P ရဲမြင့်၊ စာအုပ်ဖြစ်မြောက်ရေးအတွက် လုပအောင် မွမ်းမံဖွဲ့သီပေးကြသော ညီမငယ် မိုးသူဇာ (အောင်ပါစေ)၊ မောင်ငယ် ကျော်လှိုင်ဘွားတို့ နှင့် တကွ ကျွန်မချစ်သော စာဖတ်ပရိသတ်များ ၏ ကျေးဇူးတရား ကိုလည်း မမေ့မလျော့ ဖော်ပြအပ်ပါသည် ။

ကျွန်မ၏ အမှာ စာကို တောမင်းသမီးကလေးများ ဆိုလေ့ဆိုထရှိကြသည့် "မင်္ဂလာ" သီချင်းကလေးနှင့် ဩဘာသံပေးရပါ၏။

**"အောင်သီချင်းနှင့် အောင်ခြင်းဇေယျံ ×× နလုံးလိုရာ အို, မကြာပြည့်ကြောင်းမှန် ×× မင်္ဂလာစောင်းသီချင်း ကောင်းခြင်းဇေယျာအသံ × × သောင်းတွင်း ကြေညာရန် ×× သဘောစိတ်ရှိသမျှဖြင့် မနောမယိဒ္ဓိ ပြည့်စုံပါစေ အမြန် ×× စိတ္တသုခံ သုခံ, ကာယသုခံ သုခံ ×× သိဒ္ဓိဘဝ**

န္တု ညွန်းဆု သဗ္ဗေ ကျစ္ဆိတံ"

ခင်ခင်ထူး

***

'ကျွန်မသဘောကလေးတော့ အေးအေးဆေးဆေး ပြောပြချင် ... လင်မယူ အပျိုကြီးလုပ်မယ့် ရွက်အုပ်သီးကလေး တင်တင် ... မေတ္တာနာဝါလှေယာဉ် ... ရေဇလာ ဝဲသြဃ ... လားလားမှ မကူးဝံ့သူပါသခင် ... သုံးစလောင်းကုန်မှ ပြောင်းမှန်းသိတဲ့ အသွင် ... ကျွန်မကိုချစ်ခင် မေ တ္တာဖ က်လ ျင် ... အမေ့နားပေါက်အောင် ရွှေစကားတောက်လှည့်ပါရှင် ... အလို ... မောင်မောင်ဆန်းရဲ့ ... အို, ကြောင်တောင်ကန်းသကွယ့် ... ကျွန်မ လှတာ မမြင်ဘူးလားဟင် ... မေတ္တာကြည်ဖြူ အကြောင်းတူမျှလျှင်တော့ ... အံဖုံးချနိုင် သော့ခတ် ပိတ်လို့ မရနိုင်ပေါင်ရှင် ... အတိုးဝေမျှ ရိုးမြေကျ ... ပေါင်းရုံပ ပျို့ဒါလင်'

(၁)

၁၃၁၃ခုနှစ်၊ ဝါခေါင်လ။

မိုးကောင်းကင် တစ်ခွင်တစ်ပြင်လုံး ချိတ်ရောင်၊ ရှားရောင်၊ ကျီးအာသီးအူရောင်ထလျက် ညို့ညို့ပိန်းပိန်းကြီးနေလေ၏။ မဗိုင်းတောင့်က ပါးစပ်ထဲက ကွမ်းတစ်ယာမညက်ခင် ကောင်းကင်ကို ထွက်ထွက်ကြည့်ရတာပင် သုံးခါလား၊ လေးခါလားရှိပြီ။ ညောင်ခါးရွာ သုံးဆူဘုရားပွဲမှာ ပွဲကြည့်ချင်စိတ် ဝင်နေကြလေတော့ ထနောင်းပင်လှ တစ်ရွာလုံးက က

လေးလူကြီး မိုးကောင်းကင်ကို မော့မကြည့်သူမရှိ။ ရွာလိမ့်မယ်နဲ့ တူပါ ရဲ့ ၊ မရွာလောက်ဘူး ထင်ပါရဲ့ ။ စိတ်နှစ်ခွ ဖြစ်ရတာလည်း မပြောနှင့်။ မိုးဆိုတော့လည်း ပြောဖို့ ခက်သားပင်။ မိုးဖျက်လို့ ဘုရားပွဲဆွမ်းပွဲ မပျ က်သော်လည်း ရွာတွေမှာ လာကကြသည့် ကြည့်ချင်ပွဲ ပျက်ရတာများ ပြီ။ ရန်သူမျိုး ငါးပါးဖောက်လို့ ပွဲမှောက်ခဲ့ရတာ များ ပြီ။ ထနောင်းပင် လှနှင့် ညောင်ခါးက နှစ်တိုင်ပျော့ပျော့လောက် ဝေးသော်လည်း ရေမြေ တစ်စပ်တည်းဆိုတော့ ထနောင်းပင်လှ မိုးညို့လျှင် ညောင်ခါးလည်း မိုး ညို့လိမ့်မည်။ ထနောင်းပင်လှမှာ  မိုးရွာတော့ ညောင်ခါးမှာ လည်း ရွာ နေကျ။ အနီးအနား ရွာတွေကလည်း မထူးပါ။ ဝါခေါင်လ ဝင်ပြီဆိုတာနှ င့် ကောင်းကင်ကို အကဲခတ်နေကြသည် ချည်း ဖြစ်၏။ ဘယ်ရွာမှာ ပဲ ပွဲ ရှိရှိ မိုးလေကင်းလွတ်မှ ပွဲကောင်းကောင်း ကြည့်ကြရမှာ မဟုတ်လား။ သည် ရာသီ၊ သည် လမှာ တော့ ဘယ်သူမဆို ကြောင့်ကြစိတ်နှင့် မကင်း နိုင်။  အနီးအနားရွာတွေမှာ မိုးတွင်းမိုးခါ အရေးကိစ္စရှိတိုင်း မိုးတားသ ည့်ဓလေ့ ရှိသည် ။ ပွေးကျင်းရွာက မိုးတားဆရာကို ပင့်ရမြဲပင်။ မိုးတား ထားသတဲ့ ဆိုမှ စိတ်ဖြောင့်ကြသူတွေ ဖြစ်၏။

‘ညောင်ခါးရွာဘုရားပွဲမှာ မိုးတားထားသော  ကန္တာရပွဲကြီးကျလို့  ပါ တော်  ...  ကောင်းကင်က  အထက်နတ်များ  စောင့်ရှောက်တော်မူကြပါ ... ရွာမယ့်မိုး သွေတော်မူပါ ... လာမယ့်လေ ရှောင်တော်မူပါ’

ရွာပေါင်းစုံက ဆုတောင်းကြတာဆိုတော့ ရွာချင်ချင်မိုးသည် ပင် လွ င့်လောက်ပါ၏။ ပြီးခဲ့သည့် တန်ခူးလတုန်းက ကိုသာဗျော တို့ အလှူပွဲရ က် မိုးရွာလိုက်မှာ စိုးတော့ ထနောင်းပင်လှ သူကြီးကိုယ်တိုင် ပွေးကျင်း က မိုးတားဆရာကိုပင့်ကာ  ပွဲထိုးစေသည် ။ ပွဲခင်းနှင့် မနီးမဝေး ကုက္ကို ပင်ရိပ်မှာ အုန်းလုံးလှလှ၊ ဖီးဆိုင်လှလှ ကန်တော့ပွဲထိုးတာကပင် လေး၊ ငါးပွဲရှိ၏။ အလှူပွဲမတိုင်ခင် ရက်တွေကတည်းက  ကန်တော့ပွဲတွေကို

ပျော်ပျော်ပါးပါး သွားကြည့်ကြတာ တစ်ရွာလုံး လိုလိုပင်။

"ပွေးကျင်းက မိုးတားသာ မစွံပါဘူးကွာ ... လှူရေးတန်းရေးရှိလို့ နှစ်စဉ်ပွဲထိုးပြီးတားသာ ရွာတဲ့ နှစ် ရွာသာပါပဲ ... လူလုပ်ဖြစ်မှတ်လို့ ... တစ်နှစ်များ လေရောမိုးရော ချလိုက်သာ ကန်တော့ပွဲတခြား ဇလုံတခြား ... တို့ ရွာက သူကြီးများ ပွေးကျင်းမိုးတားဆရာ ဘာကြိုက်တယ် မပြောတတ်ဘူး"

"ကျုပ်တို့ သူကြီးက မိုးခေါင်တော့လည်း ပွေးကျင်းကဆရာ ပင့်သာပါပဲ ကိုဖိုးထိန်ရ ... တစ်နှစ်များ ဟာ မိုးခေါင်ကျော်စွာနတ်ပင့်လိုက်သာ ပွေးကျင်းဆရာ အာခေါင်ကို စပ်ကရော ... လွန်ဆွဲရမယ်ဆိုလို့ ဆွဲလိုက်ရတဲ့ လွန် ... လက်ဖဝါးတွေများ ကွဲရောမှတ်သာ ... ရွာပေါင်ဗျာ ... ကောင်းကင်ဆိုသာ သမံတလင်း ကျံထားသာကျလို့ ... ရေတစ်ပေါက် မစိမ့်ဘူး"

"ပွေးကျင်းဆရာက ကိုယ်ကျင့်သီလမှ မရှိတဲ့ နောက် ဘယ့်နှယ့်လုပ် မိုးတားဖြစ်မှာ တုံး ဟကောင်ရ ... သူရွတ်သာဖတ်သာနဲ့ ဂါထာစွမ်းရမယ်လို့ မဟုတ်သာ ... မင်း ကြည့်လေ ... မိုးတားတော့ ရွာသကွာ ... မိုးခေါ်တော့ ခေါင်သကွာ ... တို့ သူကြီးက ဝဆွေး(ဝါးဆွေး) ဝကောင်း (ဝါးကောင်း) ထင်ပြီး ချွန်ချင်သာ ခက်သားပဲ"

ကွယ်ရာမှာ သူကြီးမကောင်းကြောင်း ပြောကြသော်လည်း မလိုလည်း လိုလည်း မိုးတားတာကိုတော့ တစ်ရွာလုံးက ကျေနပ်ကြသည် ။ ဓာတ်အခိုက်နှင့် နတ်အကြိုက် တည့်တည့်တိုးတော့လည်း မိုးတားဆရာ၏ ဂါထာ စွမ်းချင်စွမ်းနိုင်တာ မဟုတ်လား။ မဗိုင်းတောင့်ပင် မိုးတားဆရာ ကန်တော့ပွဲ ထိုးသည့်နေ့က အကြော်ဖို သိမ်းပြီးသည် နှင့် အပြေးအလွှား သွားကြည့်ခဲ့သေးသည် ။ ပွေးကျင်းသား မိုးတားဆရာက

ဝါးလေးတိုင်စင်ပေါ်မှာ ထိုးထားသည့် ကန်တော့ပွဲတွေကို မကာ ... မကာ အထက်နတ်တွေကို တိုင်တည်သည် ။ ရွတ်သည် ဖတ်သည် ။ လူက ပိန်ပိန်၊ မျက်နှာက ချွန်းချွန်း၊ ပါးစပ်အုံက မောက်ထွက်နေတော့ ဂဠုန်နှင့်ပင် တူသေးတော့သည် ။ အမူးသမားတွေကတော့ အာကျယ်ပါကျယ် ရှိကြပါ၏။

"မိုးကပဲစွမ်းမလား ... ဂဠုန်မင်းကပဲ စွမ်းမလား ကြည့်ရုံပကွာ ... တို့ ရွာဘုရားပွဲ မိုးဖျက်လို့ ကတော့ ပွေးကျင်းက ဂဠုန်မင်းတော့ ရိုက်ချက်ပစ်လိုက်မယ်"

တစ်ယောက်တစ်ပေါက် ဆိုပေသိ သူကြီးဦးဘဆယ်ကြားအောင်တော့ မပြောဝံ့ကြပါ။ ထနောင်းပင်လှ ကိုးတောင်ပြည့်စေတီက လက်ရှိ သူကြီး ဦးဘဆယ်၏ ဘိုးအေ သူကြီးဟောင်း ဦးသံတုတ် ကောင်းမှုဖြစ်သည် ။ ရွာရှေ့ကွင်းထဲမှာ စေတီတစ်ဆူ၊ ဇရပ်ကြမ်းကြမ်းတစ်ဆောင် ဆောက်ပြီး ဘုရားဒကာ၊ ကျောင်းဒကာ၊ ဇရပ်ဒကာ အမည်ခံခဲ့သူ ဖြစ်၏။ ရွာက တစ်လျှောက်လုံး ပြောကြသည့် စကားရှိသည် ။ မဗိုင်းတောင့် အဖေကပင် မသေခင် သမီးကို ပြောဖူးသည် ။

"သူကြီး ကိုသံတုတ် ထုံးတစ်အိတ် သဲတစ်ပုံးနဲ့ တို့ရွာထနောင်းလှမှာ ကိုးတောင်ပြည့် ဘုရားကလေး တည်သယ် ... သစ်သားကြမ်းနဲ့ သက်ကယ်မိုး အာရုံခံဇရပ်ကလေး ဆောက်သယ် ... သူကြီး ကိုသံတုတ်သေတော့ ဘုရားဒကာ ကျောင်းဒကာဆိုပြီး ရွှေထီးလေးလက်နဲ့ အသုဘချသာ ရွာက ပြောမဆုံးဘူး"

အခု ဝါခေါင်လ ဘုရားပွဲကတော့ ထနောင်းပင်လှရွာ ဘုရားပွဲမဟုတ်။ ထနောင်းပင်လှရွာနှင့် နှစ်တိုင်ပျော့ပျော့လောက်ဝေးသည့် ညောင်ခါးရွာ ဘုရားပွဲကို နွဲကြမှာ ဖြစ်သည် ။ မဗိုင်းတောင့် မှတ်မိသလောက်

ညောင်ခါးရွာဘုရားပွဲက ဝါခေါင်ပွဲဆိုတော့ မိုးရိပ်လေရိပ်၊ မိုးဆင်လေဆင် အကဲခတ်ရတာနှင့်ပင် တစ်နှစ်မှ ကောင်းကောင်း ပျော်ရသည် မရှိ ။ မိုးတွေညို့တော့ ရွာလုံးကျွတ် မျက်နှာတွေ ညို့ကြရသည် ။ သည် ဘက်နယ် သည် ဘက်ရွာတွေဘက်ကို ဇာတ်တစ်ဇာတ် ပိုးပိုးပေါက်ပေါက် လာကဖို့ ဆိုတာ အဖက်ဖက်က အဆင်ပြေပါမှ ဖြစ်ရသည် ။ ရွာကလည်း ငွေထည့်ရတာဆိုတော့ သီးနှံကောင်းပါမှ ။ သီးနှံကောင်းရုံနှင့်မပြီး၊ တိုက်ဈေးပေါက်ဈေးကလည်း ကောင်းပါဦးမှ ။ ပြောခဲ့သလိုပင် ပွဲတော်ရက်မှာ ရာသီဥတုကလည်း စင်စင်လင်းလင်း ရှိပါဦးမှ ။ ငှားလာသည့် ဇာတ်က ကောင်းတာမကောင်းတာ အကြောင်းမဟုတ်။ ပွဲဦးကန့်လန့်ကာ ရုန်းပါပြီ ဆိုကတည်းက မိုးလင်းလို့ ပြည်ဖုံးကားကြီး ကျသည် အထိ ကျိုးကန်းတမော့မော့ ကြည့်ကြသူတွေ ချည်းပင်။ မင်းသားကောင်းတော့ ကောင်းလို့ ၊ မင်းသမီးချောတော့ ချောလို့ ၊ လူပြက်တွေ ရယ်ရတော့ ရယ်ရလို့ ၊ ဆိုင်းက ဗျိုးဗျိုးဗြောင်းဗြောင်းတီးနိုင်တော့ တီးနိုင်လို့ ။ နောက်နှစ်ခါ ဝါခေါင်ပွဲအထိ စကားတွေက မကုန်နိုင်။ ရက်ကန်းစင်မှာ လည်း ဇာတ်ပွဲအကြောင်း၊ မောင်းစင်မှာ လည်း ဇာတ်ပွဲအကြောင်း၊ ရေတွင်းကုန်းမှာ လည်း ဇာတ်ပွဲအကြောင်း၊ သီလယူတာတောင် ဘုန်းကြီးကြွမလာခင် ဇာတ်အကြောင်း ပြောလိုက်ရမှ ရင်ချောင်ကြသူတွေ။ တစ်ခါတော့ ဆရာတော်က သီလပေးကာနီး ဥပုသ်သည်တွေရှေ့ ကြွ လာပြီး ထိုင်တော်မူသည် ။ ဥပုသ်သည် တွေစကားမပြတ်ကြသေးလို့ ဆရာတော်က စောင့်နေရသည် ။ ဆရာတော်ချောင်းဟန့်မှ အသံတိတ်ကြလေ၏။ သည် အထဲမှာ ဒေါ်မြကြည်က အာအသန်ဆုံး။ ဆရာတော်က ဒေါ်မြကြည်ကို လှမ်းမေးသည် ။

"ဒကာကြီး မပါဘူးလား ..."

"ပြည်ကျော်အေးလား ဘုရား ... အဲ၊ ယောင်လို့ ... ကန်တော့ပါဘု

ရား ... ကိုဘကျောက် မပါပါဘုရား ... တောင်ရွာ ခဏသွားလို့ ပါဘုရား"

ဒေါ်မြကြည်၏ "ပြည်ကျော်အေးလားဘုရား"ဆိုတာကြားတော့ ဥပုသ်သည် တွေ ဝါးခနဲ ရယ်ကြသည် ။ ပြည်ကျော်အေးဆိုတာ မနှစ်က ရွာမှာ ကခဲ့သည့် ဇာတ်မင်းသားနာမည် မဟုတ်လား။ ဆရာတော်ပင် ပြုံးတော်မူပါ၏။ သည် သတင်း ရွာထဲပြန့်လို့ သာ မဗိုင်းတောင့် ကြားရခြင်းဖြစ်၏။ ဥပုသ်ရက်တွေမှာ မဗိုင်းတောင့် သီလမခံယူနိုင်တာ ကြာပြီ။ အကြော်တွေ စောစောစီးစီး ကုန်လျှင် ကျောင်းမှာ သီလခံယူဖို့ မီကောင်းမီနိုင်ပါ၏။ သို့သော် ကြော်ထားသမျှ အကြော်လေးတွေ ကုန်ဖို့ကလည်း တစ်ခါတစ်ရံ မွန်းတည့်မွန်းတိမ်းဘက်ကို ကူးချင်သည် ။ ညောင်ခါးဘုရားပွဲ သုံးရက်မှာ တော့ ညောင်ခါးမှာ ပဲ နေရဖို့ ပင်။ ပွဲဝင်မတိုင်ခင်ရက်ကတည်းက ညောင်ခါးကို ကူးနှင့်ရသည် ။ ဘုရားပွဲ သုံးရက်လုံးလုံး ညောင်ခါးမှာ ပဲ အကြော်ရောင်းရတာဆိုတော့ အိမ်ကို ငုံးစုံပစ် ပိတ်ခဲ့ရသည် ။ သည် သုံးရက်မှာ အမြတ်ငွေ စို့စို့ပို့ပို့ ကျန်တာလည်း ပါပါ၏။

"ဗိုင်းတောင့်ရေ ...အေး၊ ရှင်ဗိုင်းတောင့်"

ကောင်းကင်ကို အကဲခတ်ရင်းက အသံရှင်ကို လှမ်းကြည့်တော့ ဂျီးပုတု။ အမေ့ငယ်ပေါင်း ကြီးတော်ပုတုကို မဗိုင်းတောင့် ငယ်ငယ်ကတည်းက ဂျီးပုတု ခေါ်ခဲ့သည် ။ ဂျီးပုတု မုန့်ပေါင်းက ထနောင်းပင်လှမှာ နာမည်ကြီး။ အမေရှိတုန်းကတော့ အမေ့အကြော်ဗိုဘေးမှာ တစ်ဖက်ရပ် အဖီကလေးချပြီး မုန့်ပေါင်း ပေါင်းခဲ့သူပင်။ အခုတော့ အမေလည်း ဆုံးရှာပြီ။ ဂျီးပုတုလည်း အသက်အရွယ်အရ မုန့်ပေါင်းသည် ဘဝကနားရပြီ။ ဂျီးပုတု တစ်ဝမ်းတစ်ခါးတော့ ပူစရာမရှိ။ ရွာက နှစ်လမြူတစ်

လမြက်၊ နှစ်လမြက်တစ်စလယ် ဆိုတာလို ဆန်တစ်ခွက် ပဲတစ်ဆုပ် ပေးကမ်းကြရုံမက ထမင်းစားချိန်နှင့်ကြုံလျှင် ကြုံသည့်အိမ်က ဂျီးပုတု ကို ထမင်းကျွေးနေကျ။ ဂျီးပုတုက နံနက်တိုင်း တောင်ဝှေးအားပြုရင်း ခရိုးခရိုင်လျှောက်တာများ ရွာသာဆုံးရော့။ တစ်လမ်းလုံးလိုလိုက အိမ် တွေကို တောင်ဝှေးနှင့် တည့်တည့်ကြီးချိန်ရင်း ဘုရားစာ တရားစာတွေ ရွတ်သည် ။ မေတ္တာပို့သည် ။ ရွာခွေးတွေက ဂျီးပုတုကို သိနေကြပြီ။ ဆိုး လှပါသည် ဆိုသော ခွေးဆိုးတွေကပင် မေတ္တာကပဲ စွမ်းလို့ လား၊ တော င်ဝှေးကိုပဲ ကြောက်ကြလို့ လားမသိ၊ အဝေးက ဟောင်တာပဲရှိသည် ။ မ ဗိုင်းတောင့်အိမ်ကိုတော့ သုံးလေးရက်တစ်ခါ ရောက်လာတတ်သည် ။

"လာ ဂျီးပုတု ... ကျုပ်လည်း မိုးကို အကဲခတ်နေသာ ... မနက်ဖျင် ညောင်ခါးပွဲရက်လေ ... တစ်ရွာလုံးက မိုးဖျက်မယ်ထင်လို့ စိတ်ဆင်းရဲ နေကြသယ် ... ညောင်ခါးပွဲ မပျက်စေချင်တဲ့ အထဲ ကျုပ်က ခေါင်ကရ ယ် ... နက်ဖျင်ကြော်ဖို့ လှီးချွတ်ထားသာတွေ မိုးသာရွာလို့ ကတော့ ပစ် လိုက်ဖို့ ရှိတော့သာပဲ ... ကျုပ်ကလည်း ကျုပ်အပူနဲ့ ကျုပ် တော်ရေ"

ဂျီးပုတုက မျက်ခမ်းစပ် မျက်လုံးကလေးတွေကိုမှေးကာ ကောင်းက င်ကိုကြည့်သည် ။ ကောင်းကင်မှာ မိုးသားတွေ ရှိနေတာတော့ အမှန်ပင် ။ သည် လိုမိုးသားတွေ အုံ့မှိုင်းနေတာကလည်း သည် ရက်တွေထဲမှာ မှ ရတ်တရက် ပေါ်လာခြင်း ဖြစ်၏။ သင်္ကြန်အခါရက်ပြီးလို့ ရက်လေးဆ ယ်မှာ မိုးကြီး သုံးရက်စွေပြီး ရွာခဲ့သည် ။ တစ်နှစ်ပတ်လုံး ချောင်းခြော က်အဖြစ် ငုတ်တုတ်ငေါင်းစင်း ကျောခင်းနေကြသည့် ရွာနံဘေး ရေကျော်တွေမှာ ရေတွေအထက်က ထိုးဆင်းလာခဲ့သည် ။ ရွာတောင်သူ တွေကတော့ သင်္ကြန်နှစ်ဆန်းတစ်ရက်ကစလို့ ရက်လေးဆယ်မှာ မိုးရွာ လျှင် တစ်နှစ်လုံး မိုးကောင်းပြီလို့ တွက်ကြလေ့ရှိ၏။ မိုးဓာတ်နှင့် စသ ည့်နှစ်ဦး။ အိမ်မိုးခေါင် မြိုးထောင်ရတော့မလား ထင်ခဲ့ကြသည် ။ သည့်

နောက်တော့ ကဆုန်ကုန်လို့ နယုန်သာကူးရော့ မိုးရိပ်မမြင်ရပြန်တော့။ ဝါဆို တစ်လလုံးလည်း မိုးရိပ်မပြ။

"ဝါခေါင်ဆိုတော့ ပြောခက်သားပဲ ဗိုင်းတောင့်ရယ် ... မိုးသားက အနှစ်မှ မရှိသဲ့ဟာ ... ငါထင်သာတော့ မရွာလောက်ပါဘူးအေ ... မနှစ်က လည်း သည် လိုပါပဲ ... ညို့ညို့ ညို့ညို့နဲ့ ပြီးရသာပါ ... လပြည့်ကျော်နှစ်ရက်ရောက်မှ ဖြိုးဖြိုးဖြောက်ဖြောက် ရွာခဲ့သာပါ ... နေစမ်းပါဦး ... သည် နှစ် ညောင်ခါးရွာပွဲက ဘယ်သူ့ဇာတ်တုံး"

"စိန်ကျော်သန်းတဲ့ ဂျီးပုတုရဲ့ ...မြို့မှာ နာမည်ရလှပြောကြသယ် ... ဒါနဲ့ ဂျီးပုတု ထမင်းစားပြီးပြီလား ... အိမ်မှာ ငါးခြောက်ဆီပြန် ချက်ထားသယ် ... ပဲကြီးနှပ်နဲ့ ငရုတ်သီး ကြော်ထားသာလည်း ရှိသယ် ... စားသွားဦး"

"စားခဲ့ပါပြီ ဗိုင်းတောင့်ရယ် ... ဘာရယ်မဟုတ်ပါဘူးအေ ... ညောင်ခါး ဘုရားပွဲရက်ဆိုတော့ ညည်းအမေကို သတိရလို့ လျှောက်လာသာပါ ... ညည်းအမေက ညောင်ခါးဘုရားပွဲ လိုက်နေကျအေ့ ... ညည်းအမေဆုံးသာ ရှိရောပေါ့ လေးနှစ်တော့"

"ဆယ်နှစ်ရှိပြီ ဂျီးပုတုရဲ့ ... အဖေဆုံးသာက ဆယ့်လေးနှစ်ရှိပြီ ... ကိုသံမှိုဆုံးသာက ခြောက်နှစ်ရှိပြီ"

"မနေ့တစ်နေ့ကလိုပါကောအေ ... ငါ့သူငယ်ချင်းက သွားနှင့်ပြီပေါ့ လေ ... ငါကလည်း အသက်ဓာတ်ကလေး ရှင်ရုံရှိသာပါ ... ရွာကောင်းလို့ ထမင်းတစ်စလောင်း မပူရပေသိ မကောင်းတဲ့ အသက်များ ရှည်လွန်းပါ့အေ"

"ဂျီးပုတု ထိုင်ဦး ... မတ်တတ်ကြီး"

မဗိုင်းတောင့်က ခုံပုကလေးနှစ်လုံး ချပေးသည် ။ တစ်ယောက်တစ်လုံး ထိုင်မိကြတော့မှ ဂျီးပုတုကို သေသေချာချာ ကြည့်သည် ။ ရွာရိုးကိုးပေါက် လျှောက်ရင်း ရထားသမျှ ဘုရားစာတွေ၊ မေတ္တာပို့တွေ၊ လောကီပညာ မှတ်ဖွယ်ရာတွေ ရွတ်နေတတ်သော ဂျီးပုတု။ အမေ့သူငယ်ချင်း ဂျီးပုတု။ အခုတော့ ရှစ်ဆယ်လား၊ ကိုးဆယ်လား မဝေခွဲနိုင်ပြီ။ ခြေဆံလက်ဆံကြီးတွေက ရှည်လွန်းလို့ ကန္တာရပင်ကိုင်းခြောက်နှင့်ပင် တူတော့သည် ။ မဗိုင်းတောင့်မွေးလို့ လူမှန်းသိပါပြီ ဆိုကတည်းက ဂျီးပုတုက တစ်ကိုယ်ရေ တစ်ကာယ နေခဲ့သူဖြစ်သည် ။ ရွာစွန်က တဲမှာ နေသည် ။ တစ်သက်လုံး မုန့်ပေါင်း ပေါင်းခဲ့သူ ဖြစ်၏။ အခုတော့ ရွာလမ်းကို လျှောက်၊ အိမ်တစ်အိမ်ချင်း ရှေ့မှာ ဆွမ်းခံရပ်သလို ရပ်ရင်း ပါးစပ်တတွတ်တွတ် ရေရွတ်နေတတ်သည် ။

"တနင်္ဂနွေ ကျက်သရေ ဦးခေါင်းမှာ နေ၊ တနင်္လာကျက်သရေ ပခုံးမှာ နေ၊ အင်္ဂါကျက်သရေ ကျောကုန်းမှာ နေ၊ ဗုဒ္ဓဟူးကျက်သရေ နှာခေါင်းမှာ နေ၊ ကြာသပတေး ကျက်သရေ လက်ရုံးမှာ နေ၊ သောကြာကျက်သရေ ဣန္ဒြေမှာ နေ၊ စနေကျက်သရေ တစ်ကိုယ်လုံးမှာ နေ ... ကနေ့ တနင်္လာနေ့ တော်တို့ ... ကျက်သရေ ပခုံးမှာ ရှိပ့ါ ... ပခုံးကို အမွှေးနံ့သာလိမ်းကြ"

တစ်ခါတစ်ခါတော့လည်း ဘုရားရှိခိုးလိုလို စာတွေ ရွတ်တတ်ပါ၏။ အသံကတော့ စူးစူးမာမာ ရှိရှာသေးသည် ။ ဂျီးပုတု အိမ်ရောက်လာလျှင် ကျက်သရေရှိသော စကား၊ မင်္ဂလာရှိသော စကားကိုသာ ဆိုတတ်ရွတ်တတ်လို့ အိမ်တိုင်းက ကြည်ဖြူကြသည် ။

"ဗုဒ္ဓဘုရားနှင့် တရား၊ သံဃာ၊ ဆရာမိဘ ဦးချလို့ သာ၊ အနန္တငါးပါး ဝပ်တွားစေတနာ၊ သဒ္ဓါတိုး ရှိခိုးကြ အခါခါ။ အလောင်းတော်နတ်သား

သိကြား ဖြဟ္မာ၊ ဂါရဝတရား ရှေ့ထားလို့ သာ၊ သဒ္ဓါတိုး ရှိခိုးကြအခါခါ။ တောမြိုင်အတွင်း ပျော်မွေ့နေရှာ၊ ရသေ့မြတ်အပေါင်း ရှစ်သောင်းဝိဇ္ဇာ၊ သဒ္ဓါတိုး ရှိခိုးကြ အခါခါ"

အိမ်တိုင်းမှာ သည် လိုရွတ်နေကျ ဂျီးပုတုက မဗိုင်းတောင့် အိမ်ဝ ရောက်လျှင်တော့ တခြားစကားမဆို။ ညက အိပ်မက်မက်သယ်ဆိုတာနှ င့် စကားစလေ့ရှိသည် ။ မက်သည့် အိပ်မက်ကလည်း မဗိုင်းတောင့်အ မေ ဒေါ်အေးပုံမပါသည့် အိပ်မက်ရယ်လို့ မရှိ။ မဗိုင်းတောင့်က ဂျီးပုတု ၏ အိပ်မက်တွေကို ယုံသည့်အခါ ယုံသည် ။ မယုံသည့်အခါ မယုံ။ သို့ပေ သိ လူကြီးသူမစကား မပယ်သာတော့ နားထောင်ရပါ၏။ အခုလည်း အိ မ် မှာ လာထိုင်ပြီ။ မဗိုင်းတောင့်က အိပ်မက်အကြောင်း စကားစလာ တော့မှာ သိလို့ စကားလွှဲသည် ။

"ဂျီးပုတု ... ကျုပ်အိမ်ရှေ့က ပေါက်ပင်ပေါ် မနေ့က ကျီးအာလိုက် သာတော် ... မုဆိုးမအိမ် ဘယ်ကဧည့်များ လာမယ်ပြောတတ်ပါဘူး ... အိမ့်မြောက်ဘက် ဥသျှစ်ပင်ကိုင်းပေါ်နားပြီး တအာအာ သာနေတာက တစ်ရက် ... ခြောက်ထုတ်လို့ တောင် ကျီးက ထမပျံ့ဘူးရယ်"

"အိမ့်မြောက်ကဆိုတော့ ရတနာဆင်မြင်း ကျေးကျွန်ဝင်မှာ ပေါ့ ဗိုင်း တောင့်ရဲ့ ... ငါပြောသားပဲ ... ညည်းအမေက င့ါကို အိပ်မက်ပေးတဲ့ အ ခါတိုင်း ညည်းကို စောင့်ရှောက်ပါဆိုတာ အမြဲတမ်းပါသယ် ... ညည်း အမေ မရှိတဲ့ နောက် ငါမအေပဲ ... ညည်းပဲ ပြောသာပဲ ... ညည်းလင် သံမှိုသေသာ ခြောက်နှစ်ရှိမှ တော့ ညည်းတစ်ပင်ထူကောင်းပါပြီ ... ည ည်းအမေက အိပ်မက်ထဲ ဒါပဲမှာ သာ ... ညည်းကို ညည်းအမေက စိတ် မချဘူးထင်ပါရဲ့ အေ ... ညည်းအသက် ခု ဘယ်လောက်ရှိပြီတုံး"

"လေးဆယ့်ခြောက်နှစ် ရှိပါပြီတော် ... ငါးပိဖြစ်မှ တော့ အမြီးမနန့်

ပါရစေနဲ့ တော့တော်ရေ့ ... ကျုပ်ဟာကျုပ် နေစမ်းပါရစီ ... ဘယ့်နှယ့်ကြောင့်များ ကျုပ်ကို လင်ပေးစားချင်နေပါလိမ့် ... မဟုတ်သာ"

"ဗိုင်းတောင့်ရဲ့ ... လင်ဆိုသာ မလိုချင်လို့ လည်း ဖြစ်သာ မဟုတ်ဘူး ၊ လိုချင်လို့ လည်း ရတာ မဟုတ်ဘူး ... အခုဟာက စောင့်ရှောက်ချင်သူက စောင့်ရှောက်ချင်သယ် ဖြစ်မှ တော့ ညည်းတစ်ချက်ပေ့ါအေ"

"ကိုင်းပါ ဂျီးပုတုရယ် ... ကျုပ်ဘဝနဲ့ ကျုပ် ရှိပါစေတော့ ... ဂျီးပုတု လုပ်သာနဲ့ ရွာထဲက တကယ် ထင်နေပါဦးမယ် ... ကျုပ် စိတ်လည်း မဆိုးချင်ဘူး ... ကိုသံမှိုဆုံးသာ ခြောက်နှစ်ရှိပေသိ၊ ကျုပ်လင်မြှုပ်တဲ့ သင်္ချိုင်းကမြေပုံ ခြောက်တယ်ထင်တာ မှုတ်ဘူး ... သည် အရွယ်ရောက်မှ တော့ ကြက်ထားတဲ့ စည်သားရေ ခွေးမျှော် မျှော်မနေပါရစေနဲ့ တော့ ... ကိုင်းပါ ပဲကြီးနှစ်ဘူး ယူသွားဦး ... ပဲချက် ဆွမ်းလောင်းရအောင်လို့ "

"အေးပါအေ ... ညည်းယူမှ ဖြစ်သာပါ ... မုဆိုးဖို လှည်းသမားပေသိ ရိုးလို့ ပြောသာပါ ... ညည်းအမေကလည်း ငါ့ကို အိပ်မက်ပေးလွန်းလို့ ပြောသာ ... ကိုင်း ကြီးတော် ပြန်ပဟေ့ ... ညည်း ညောင်ခါးပွဲတော်ကွင်း အကြော်ရောင်းထွက်မှာ မဟုတ်လား ... တနင်္ဂနွေနေ့ဆို လက်ကို နံ့သာလူးပြီးသွား ... တနင်္လာ သစ်ပင်ကြီးကို ရှိခိုးသွား အင်္ဂါနေ့ ဆောင့်ကြောင့်ထိုင်ပြီးသွား ... ဗုဒ္ဓဟူး လက်ကို ထုံးသုတ်သွား ... ကြာသပတေး အရှေ့ကို ရှိခိုးသွား ... သောကြာ နောက်ပြန် ကြည့်ပြီးမှ သွား ... စနေ အိမ်ကဘုရား ရှိခိုးသွား ... ကြားလား ဗိုင်းတောင့် ... နက်ဖြင် ဈေးရောင်းမှာ ဆိုတော့ ဝါခေါင်လဆန်း ဆယ့်လေးရက် အင်္ဂါကျသယ် ... ဆောင့်ကြောင့်ထိုင်ပြီးမှ အိမ်ကထွက် ... ကြား

လားလို့ "

"ဟုတ်ကဲ့ပါ ဂျီးပုတုရဲ့ ... ဆောင့်ကြောင့်ထိုင်ပြီး ကြက်ဖပါ ခွပ်လိုက်ရဦး"

"ခွပ်ဟဲ့ ... ညည်းက ပြောမကောင်းတဲ့ ဟာမ ... ကိုင်း ငါသွားပြီ"

ဂျီးပုတုကို မဗိုင်းတောင့် အိမ်ရှေ့ဝိုင်းဝအထိ လိုက်ပို့လိုက်သည် ။ ကိုင်းကိုင်းလျှားလျှား ခန္ဓာကိုယ် ပဲတောင့်ရှည်ကို တောင်ဝှေးနှင့် ထိန်းကာ ထိန်းကာ တလှုပ်လှုပ် သွားနေသည့် ဂျီးပုတုကိုကြည့်ရင်း သနားလည်း သနားသည် ။ ဘယ့်နှယ့် သည် အရွယ်ရောက်ကာမှ လင်ယူဖို့ ပြောနေပါလိမ့် တွေးမိတော့ အမယ်အိုကို စိတ်လည်း ဆိုးချင်ချင်။ စေတနာကောင်းနှင့် ပြောနေမှန်း သိတော့လည်း ခက်သားကလား။

ကောင်းကင်ကို တစ်ချက်မော့ကြည့်တော့ မိုးသားတွေ အိလှပြီ။ ဘုရားသိကြားမလို့ ပွေးကျင်းကဆရာ မိုးတားတာ သည် တစ်နှစ်တော့ စွမ်းလောက်ပါရဲ့ ။ မဗိုင်းတောင့် အိမ်ထဲ ပြန်ဝင်လာခဲ့သည် ။

***

ညောင်ခါးရွာ သုံးဆူဘုရားပွဲက ဝါခေါင်လပြည့်မတိုင်ခင် အဖိတ်နေ့ကစသည် ။ လပြည့်နေ့ပွဲကြီး၊ လပြည့်ကျော်တစ်ရက်က ပွဲသိမ်း။ မနှစ်က ဘုရားပွဲစည်ခဲ့တာ မဗိုင်းတောင့် မှတ်မိသည် ။ ဝါခေါင်ဘုရားပွဲရက်မှာ မိုးမဖျက်ခဲ့တော့ အရွာရွာက လှည်းတွေများ လှည်းသားငါးရာ ဇာတ်ခင်းသလို ရှိခဲ့ပါ၏။ ပွဲခင်းကို မတိုးနိုင်ကြသည့် လှည်းတွေက ပွဲခင်းနှင့် မဝေးလှသော လက်ပံပင်တန်းတစ်လျှောက် တပ်တန်းကြီးထိုးကာ လူ

ရောလှည်းရော ခွေးရောနွားပါ စခန်းချကြရသည် အထိပင်။

မဗိုင်းတောင့်တို့ ရွာ ထနောင်းပင်လှအပါအဝင် ကူဖြူ၊ ပန်းတော၊ ကျောက်ဒိုး၊ ကျွဲကျောင်း၊ လင်းမြွေရိုး၊ ဖိုးလှကုန်း၊ သက်ကယ်ပြင်၊ ပွေးကျင်း၊ ဒဟတ်တော စသည့်ရွာတွေက ညောင်ခါးရွာ သုံးဆူဘုရားပွဲကို အမြဲရောက်ကြသည် ။ ညောင်ခါးရွာက သည် နယ်တစ်ဝိုက်မှာ တော့ ရွာကြီးဖြစ်သလို သောင်သောင်သာသာလည်း ရှိသည် ။ နှစ်စဉ် မြို့ဇာတ် တစ်ဇာတ် ပါတတ်တာကလည်း ညောင်ခါးရွာ၏ ဓလေ့ဖြစ်ပါ၏။ သည် တော့ ဘုရားပွဲသုံးရက်ကို ပွဲဦးကတည်းက စားအိုးစားခွက် အစုံအလင်နှင့် လာကြသူတွေရှိသလို လပြည့်နေ့ စောစောထလာကြကာ ပွဲသိမ်းရက်မှ ပြန်ကြသူတွေလည်း ရှိသည် ။ တချို့က ခေါင်းပေါ် ပုဆိုးဟောင်း တဘက်ဟောင်းတင်ပြီး တစ်ရိပ်ဝင် တစ်ရိပ်ထွက် လျှောက်လာကြသူ တွေ ဖြစ်၏။ ကျောက်ဒိုး၊ လင်းမြွေရိုး၊ ပွေးကျင်းလို ရွာတွေက ညောင်ခါးနှင့် နီးကြသည့်ရွာတွေ။ နီးသည် ဆိုပေသိ နေ့ဝက်တော့ လျှောက်ကြရသည် ။ အဝေးဆုံးကတော့ ကူဖြူနှင့် သက်ကယ်ပြင် ရွာနှစ်ရွာဖြစ်သည် ။ ဘယ်လောက်ပဲ ဝေးဝေး ညောင်ခါးရွာဘုရားပွဲ စည်ကားတာရော၊ မြို့ဇာတ်ထည့်နိုင်တာရော ဆိုတော့ မရောက်ရောက် အောင် လာကြမြဲပင်။ ဘုရားပွဲက ဝါခေါင်လပြည့်ဆိုပေသိ သည် နားတစ်ဝိုက်မှာ ရေဖောင်ဖောင်ရယ်လို့ ပြောလောက်စရာ ချောင်းကြီး ချောင်းမရယ်လို့ တော့ မရှိ။ သဲချောင်းတွေကတော့ တချို့ရွာတွေမှာ သုံးလေးချောင်း ရှိသည် ။ မိုးကောင်းသည့်နှစ်တွေမှာ ခဏတစ်ဖြုတ် ရေရှိတာကလွဲလို့ တစ်နှစ်ပတ်လုံး ရေမရှိတာများ သည် ။

အနားရွာတွေလည်း မထူးပါ။ နေကြီး ကျိုက်ကျိုက်ဆူသည့် ရာသီတွေမှာ ကော့နေအောင် ပူသည် ။ ရွာဟောင်းတွေမို့ သစ်ကြီးဝကြီးတွေ ရှိလို့ တော်တော့သည် ။ မဗိုင်းတောင့်ကတော့ သည် ရွာမှာ မွေး၊ သည်

ရွာမှာ ကြီးရသူဆိုတော့ ဆွေမျိုးများ ရှိရာ အနီးအပါး ရွာတွေကို မရောက်ဖူးတာတော့ မဟုတ်။ အမေနှင့်သမီး လှည်းတစ်တန်၊ ကုန်းကြောင်းတစ်လှည့် သွားခဲ့တာကို မှတ်မိရုံသာ။ ဘယ်ရွာမှာ ညည်းအဖေဘက်က ဘယ်သူတွေရှိသဟဲ့၊ အမေဘက်က ဘယ်သူတွေရှိသဟဲ့ ဆိုတာတော့ အမေ့ပါးစပ်က စာရင်းချလို့ သိရပါရဲ့ ။ မဗိုင်းတောင့် မှတ်မိသလောက် ကူးကူးလူးလူး မရှိကြ။ သူတို့ က မလာမရောက်လို့ ကိုယ်က သွားသလား ဆိုတော့လည်း မရောက်နိုင်။ ကိုယ့်ဝမ်းနှင့်ကိုယ့်အထွာ ဖြည့်နေကြရတာနှင့် ရက်တွေကုန်ကြရတာ မဟုတ်လား။ အဖေဆုံးတုန်းက အဖေ့ဆွေမျိုးတချို့ မျက်နှာလာပြကြသလို၊ အမေဆုံးတော့လည်း အမေ့အမျိုးတချို့ သတင်းမေး ရောက်လာကြတာတော့ ရှိပါ၏။ သည်ကပြီးပြန်တော့ ဆွေခန်းမျိုးခန်း မဖြတ်ကြပေသိ ပြတ်သလိုလို ဝေးကြရပြန်သည် ။

မဗိုင်းတောင့်ကလည်း မပူပါ။ မိဘနှစ်ပါးနှင့် လင်သားရှိစဉ်တုန်းကလည်း ပူခဲ့တာမရှိ။ သုံးဦးသား ဘဝတစ်ပါး ပြောင်းကြတော့လည်း ဘယ့်နှယ့်မှ မရှိ။ ကိုယ်လုပ်မှ ကိုယ်စားရမှ တော့ နောက်ဆုံး ရွယ်အိုရွယ်မ ရောက်ဦးတော့ ဂျီးပုတုလို အိမ်ပေါက်စေ့ရပ်ရုံနှင့် ထမင်းတစ်လုတ် တစ်ဆုပ် မစားရ မရှိနိုင်။ နာမည်ကသာ မဗိုင်းတောင့်၊ သူတကာမိန်းမတွေကလို မဗိုင်းတောင့် ရက်ကန်းမရက်တတ်ခဲ့ပါ။ အကြော်သည် သမီးဆိုတော့ မုန့်မှုန့်ရဖို့ မောင်းထောင်းရတာ မျိုးလောက်သာ ရှိခဲ့၏။ စာကတော့ကော။ ခုနစ်နှစ်သမီးလောက်က ရွာဘုန်းကြီးကျောင်းမှာ ထန်းလျက်တစ်ကိုက် ထန်းတစ်ကိုက် သင်ခဲ့ရတာနှင့် ပြီးခဲ့ရသည် ။ သေစာရှင်စာ ခေါ်မလား။ ကိုယ်က ထရေးမည် ဆိုသောအခါမှ ရှင်ရသည့်စာ၊ ကိုယ်မရေးတော့ စာကသေနေရုံ။ ရှစ်နှစ်သမီး အရွယ်ရောက်တော့ အမေ့အကြော်ဖိုမှာ အကြော်လှန် အကြော်ဆယ်ရပြီ။ ရွာပြ

င်အကြော်တဲနှင့် အိမ်ကို ကူးချည်သန်းချည် ရှိခဲ့ရုံကလွဲလို့ ဘဝကလည်း ဖွဲနုရောရော ဆီရောရော။ အရွယ်ရောက်လာတော့လည်း သူတကာအပျိုတွေလို လုပ်ခင်းထဲ ကိုင်းခင်းထဲ အသံတဟိုဟို ပေးခဲ့ရသည် မရှိ။ လမ်းအကြော်တဲမှာ အရွာရွာက လူတသောသော လှည်းတသောသော ရှိခဲ့ပေသိ ဖျင်မြင်တိုင်း ပင်နီမဟုတ်မှန်းတော့ သိခဲ့သည် ။

"အရီးရေ ... အရီးဗိုင်းတောင့်"

"ဒေါ်ကြီးဗိုင်းတောင့် ... ကျွန်မတို့ ရယ်"

အိမ်ဝက အသံစာစာ ကြားရပြန်လို့ မဗိုင်းတောင့် ထွက်ကြည့်သည် ။ အမြင်တွေက မသဲကွဲလို့ တံစက်စွန်း ထွက်ရပ်ရင်း မျက်လုံးတွေ မှေးကြည့်ရသည် ။ ရွာထဲက မအုန်းတင်သမီးတွေများ လား။ အရီးခေါ်သူကခေါ်၊ ဒေါ်ကြီးခေါ်သူက ခေါ်ဆိုတော့ ဘယ်သူရယ် ဘယ်ဝါရယ် မခွဲသာ။

"ဘယ်သူတွေတုံးဟဲ့"

"ကျုပ်တို့ ပါ အရီးရဲ့ ... အေးမေတို့ ပါ"

"ဩော် ... လာကြဟဲ့ အထဲကို"

မိန်းကလေးနှစ်ယောက် အနားရောက်လာမှ လူလုံးကွဲတော့သည် ။ အေးမေက မခင်ပိုက်သမီး၊ စန်းသွင်က မဥသမီး၊ ထနောင်းပင်လှက အပျိုမတွေ။ ရပ်ရွေးရွာရေး၊ လုပ်ခင်း ကိုင်ခင်းတွေမှာ ခါးကျိုးအောင် ချိုးထားကြသူတွေ။ ဘာများ ပါလိမ့်။

"ဘကြီးသာညိုက လွှတ်လိုက်လို့ ... အရီးအကြော်ဆိုင်အတွက် ပစ္စည်းတွေ ဘုရားပွဲကွင်းကို တိုက်ထား လိုက်ချင်လို့ တဲ့ ... အခု ဘကြီးက ဝါးသွားတိုက်သယ် ... ပြန်လာရင် အရီးပစ္စည်းတွေ တိုက်ပေးမတဲ့ ... န

က်ဖျင်ကျ ညောင်ခါးရွာက ပွဲကြိုလှည်းဆင့်ထားလို့ မအားဘူးတဲ့ "

"ကိုသာညိုကြီးကတော့ လုပ်ကရော့မယ် ... ကနေ့ညနေ ကူးသာတော့ ဟုတ်ပါရဲ့ ... ငါက သူများ ရွာကကွင်းထဲ တစ်ညလုံး ငုတ်တုတ်ထိုင်နေရမှာ ပေ့ါဟဲ့ ... နက်ဖျင်မနက်ကျမှ စောစောကူးသာ ကောင်းပါသယ် ... ပြောထားပါလျက်နဲ့ မုဆိုးဖိုနှယ်"

"ဟုတ်ပ့ါ အရီးရယ် ... နက်ဖျင်မနက်ထွက်မှ ကျုပ်တို့ လည်း အရီးတို့ လှည်းနဲ့ လိုက်ဖြစ်တော့မပေ့ါ ... ခုညနေသွားရင် ကျုပ်တို့ လည်း လိုက်ဖို့ ခက်ပြီ ... အမေတို့ က ထည့်နှင့်မှာ မဟုတ်ဘူး "

"ကိုသာညိုက ကိုယ့်ရွာကကိစ္စ အရေးမကြီး ညောင်ခါးကပွဲကြိုမှာ အရေးကြီးနေပါကောအေ့ ... ရွာမှာ လှည်းတွေ ပေါလွန်းလို့ ပါအေ ... ကိုယ့်လူခင်မို့ သူ့ငှားရသာပါ ... အခု သူက ဘယ်မှာ တုံး"

"အခုက ဝါးသွားတိုက်သယ် ... ကဲပါ အရီးရယ် ... ကျုပ်တို့ ပဲ အကျိုးအကြောင်း ပြောပြလိုက်ပ့ါမယ် ... အရီးက မနက် ဘယ်ချိန်သွားမှာ တုံး"

"နေလုံးပြချိန်ပေ့ါ ... ညည်းတို့ လည်း လိုက်ခဲ့ကြလေ"

"လိုက်ကြမှာ မနည်းဘူးရယ် ... လှည်းကျိုးအောင် လိုက်ကြမှာ "

တစ်ပါးရွာမှာ အကြော်ဆိုင် သွားထွက်ရမှာ ဆိုတော့ လေးတိုင်စင်ဆောက်၊ မြက်ရှင်း ကန်သင်းရှင်းတာကအစ လုပ်အားလိုသည် ။ ရွာ့မိန်းကလေးတွေက အားကိုးကြရပါ၏။ တစ်ယောက်တစ်လက်ဆိုတော့ ကူသယ်ခေါက်သယ် သယ်တန်တာသယ်၊ သူတစ်ကျင်း ငါတစ်ကျင်း တူးတန်တာတူး။ မီးဖိုကျင်းတူးတော့လည်း သည် မိန်းကလေးတွေပင်။ မဗိုင်းတောင့်ငှားသည့် လှည်းကြုံနှင့် လိုက်တော့ ခရီးသက်သာသလို

လူကြီးမိဘတွေကလည်း စိတ်ချလက်ချ ထည့်နိုင်ကြပါ၏။ တစ်ရွာကပွဲလိုက်ကြည့်ချင်ကြသူ အပျိုတွေခများ ပွဲသံကြားတိုင်း မဗိုင်းတောင့်ကို အဖော်လာစပ်နေကျ မဟုတ်လား။ ကိုယ့်ရွာက အကြော်ဆိုင် ဝင်ချည်ထွက်ချည် စတည်းချနိုင်သည် ။ မနီးမဝေးမှာ ရွာလူခံရှိနေတော့ မဗိုင်းတောင့်က အလိုလို အပျိုထိန်း ဖြစ်ရပါ၏။ ပွဲပြန်လှည်းမကြုံတော့လည်း နှစ်တိုင်လောက်ခရီးများ တော့ ဒီးလွှားဒီးလွှား ခုံဖိနပ်ရှပ်တိုက် ပြန်ကြသူတွေပင်။

အမေရှိတုန်းကလည်း အကြော်ဖက်ကူရင်း ပွဲကြည့်ရင်း မဗိုင်းတောင့် လိုက်နေကျ။ အဖေက အကြော်တဲဆောက်၊ မြေကျင်းတူး၊ ပဲကြိတ်။ ကျောက်ကြိတ်ဆုံပါတော့ ပွဲခင်းထဲမှာ ပဲ မုန့်နှစ်လိုသလောက် ကြိတ်ယူလို့ ရသည် ။ ကျောက်ပြားဝိုင်းနှစ်ချပ် ထပ်ထားသည့် ကျောက်ကြိတ်ဆုံကြီးက အမေ့အမွေ ဖြစ်၏။ အပေါ်ကျောက်ပြားမှာ လက်ကိုင်ရိုးတပ်ထားတော့ ပဲရေစိမ် တစ်ဆုပ်ချင်းထည့်ပြီး လှည့်ရုံပင်။ မိဘနှစ်ပါးမရှိတော့ သည် တာဝန်ကို သွားလေသူ ကိုသံမှိုကြ ယူရပါ၏။ ပွဲတော်ရက် ပွဲတော်စော်ကလေးနံတော့ လင်သား လူရိုး ကိုသံမှိုကို သတိရသား။

"ကိုသံမှိုရေ ... တော်မရှိတော့ လှည်းငှားရပါပကောတော် ... ကျုပ်ဖြင့် လွန်းပ့ါ"

မဗိုင်းတောင့် အသက် သုံးဆယ်နားကပ်မှ ကိုသံမှိုနှင့် အကြောင်းပါခဲ့ရခြင်းဖြစ်သည် ။ ကိုသံမှို လှည်းတိုက်မထွက်ခင် မနက်စောစော အမေ့အကြော်တဲကို ထမင်းကြမ်း တစ်ဇလုံနှင့် ရောက်လာနေကျ။ အကြော်အိုးထဲက ဆီကို ထမင်းကြမ်းခဲပေါ် ဆမ်းခိုင်းကာ အကြော်နှစ်ခုသုံးခုနှင့် စားလေ့ရှိသူ။ ကိုသံမှိုက ထနောင်းပင်လှသား မဟုတ်။ ခပ်

ဝေးဝေးရွာ သက်ကယ်ပြင်က ဖြစ်သည် ။ ထနောင်းပင်လှရွာက ဘကြီး အိမ်မှာ သူရင်းငှားလုပ်ပေးဖို့ ရောက်လာရာက သူ့ရွာရင်း သက်ကယ်ပြင်ကို ပြန်မရောက်တော့။ လူက အေးရသည့်ကြားက စကားက ဆွံ့ချင်ချင်။ စကားတစ်လုံးထွက်ဖို့ ကုပ်ပိုးကို ရိုက်လိုက်မှ ဖျောခနဲ သွန်ကျလာမည့် အမျိုးအစားထဲက ဖြစ်၏။ မဗိုင်းတောင့်နှင့် ညားလို့ သာ ညားရပေသိ အကြော်တဲကို ရောက်လာလို့ တစ်ခါမှ မရိုးမဖြောင့် မရှိသလို မဗိုင်းတောင့်ကလည်း အနေနီးသကောရယ်လို့ စိတ်ကူးထဲမှာ ပင်မရှိ။ တစ်ရက်မှာ တော့ ဘကြီးဦးစံဘော်က သူ့တူနှင့် မဗိုင်းတောင့်ကို ပေးစားချင်လို့ မဗိုင်းတောင့် မိဘတွေကို စကားလှမ်းသည် ။ ဦးစံဘော်က တောင်သူကြီး။ တူဖြစ်သူ ကိုသံမှိုကြ လူရိုး။ သည် လိုနှင့် တောင်းရမ်းယူခဲ့ခြင်း ဖြစ်သည် ။ တစ်ရွာတည်းဆိုတော့ ကိုသံမှိုကြ မဗိုင်းတောင့် မိဘများ အိမ်မှာ လိုက်နေရှာသည် ။ တခြားအလုပ်လည်း မလုပ်တတ်တော့ ဘကြီးအိမ်မှာ ပဲ သူရင်းငှားလုပ်ရုံ။ မဗိုင်းတောင့်ကလည်း သူ့အကြော်တဲကို နတ်ဗိမာန်နှင့် မလဲနိုင်။ ဘကြီးလုပ်သူက ပေးတန်သလောက် ပေးလိုက်သည့် ငွေစကလေး ယောက္ခမလက်ရောက် အပ်တာကလွဲလို့ ကိုသံမှိုကြ နဘဲပင်လို ရှင်ပါပြီဆိုကတည်းက အခေါင်းပွကမတက်။ အနှစ်တည်လိုက်ရသည် မရှိ။ မဗိုင်းတောင့်ရော ကိုသံမှိုပြါ သားသမီး လိုချင်ကြသော်လည်း ဘဝကံ မပါလို့ ပေပဲလား မသိ။ သိုက်စာဖတ်ရာ နားထောင်ကာ ဥစ္စာရနိုးနိုးနှင့် ပြီးခဲ့ရပါ၏။ သည် လိုနှင့် မဗိုင်းတောင့်နှင့် ကိုသံမှို ဆယ်နှစ်သာသာ ပေါင်းခဲ့ရပြီး မဗိုင်းတောင့် အသက်လေးဆယ်လောက်မှာ ပင် မမာရာက ကောက်ကာငင်ကာ ဆုံးရှာခဲ့ခြင်း ဖြစ်ပါ၏။

ရွာခြေ လှည်းလမ်းမဆီက ခြူကုံးသံ တချွင်ချွင်ကို မဗိုင်းတောင့်ကြားလိုက်ရသည် ။ တချို့ရွာတွေက ပွဲမဝင်ခင် သည် လိုညနေ

ကတည်းက အရောက် သွားတတ်ကြပြီး ဘုရားပွဲကွင်းမှာ လှည်းချွတ်ရင်း နေရာဦးနှင့်ကြပြီ။ တချို့လည်း ခင်ရာမင်ရာ ဆွေမျိုးမိတ်ဆွေတွေ ဝိုင်းတိုက်ထဲ လှည်းချွတ် ကြပါ၏။ ချက်အိုးပြုတ်အိုး၊ စားအိုးစားခွက် အစုံအလင်နှင့် ပွဲတော်ကွင်း တစ်ကွင်းလုံး မီးခိုးတွေ အူလည်အောင် ချက်ကြ ပြုတ်ကြရင်း သောသောညံနေတာကိုက ပျော်စရာ။ မပိုင်းတောင့် အပြင်ကိုထွက်ပြီး မိုးကဲကလေး ခတ်လိုက်သည် ။ ညနေမစောင်း လှသေးသော်လည်း မိုးရိပ်ကြောင့် အုံ့အုံ့မှိုင်းမှိုင်း ညို့နေလေ၏။ လှည်းတွေ တွေ့လိုက်ရတော့လည်း ပွဲတော်စိတ်ကလေး ဝင်လာကာ ပျော်သလိုလို ရှိလာခဲ့သည် ။ အဝေးရွာက ပွဲလှည်းတွေတောင် သွားနှင့်ကြပါပကော။ ရွာခြေလမ်းမှာ ဖုန်တွေ အူလျက်ရှိ၏။ ခြူကုံးသံတွေက တချွင်ချွင် တချွမ်ချွမ်။ နက်ဖြင်အဖိတ်နေ့ ဘုရားပွဲအဝင်။ ပွဲဦးဝင်လိမ့်မည်။ ပတ်မကြီးသံတွေ တထီထီ ရှိရော့မည်။ လှည်းလမ်းနှင့် ပွဲတော်ကွင်း လူတွေ လှည်းတွေ ပုရွက်ကြောင်း လိုက်ကြရော့မည်။ ဝတ်ကောင်းစားလှတွေ ရှိသမျှ ထုတ်ဝတ်ကြတော့မည်။ မူးသူတွေက မူးကြလိမ့်မည်။ ပျော်သူတွေက သီချင်းတကြော်ကြော် ရှိကြလိမ့်မည်။ ရွာအပျိုတွေကို ကာလသားတွေ ရစ်သိုးရစ်သီ ရှိကြလိမ့်မည်။ ဘာမှစဉ်းစားမနေတော့။ မပိုင်းတောင့် တဲထဲပြန်ဝင်ကာ တောက်တိုမည်ရ ပစ္စည်းပစ္စယ ကလေးတွေကို ပြိုးခနဲ ဖျတ်ခနဲ ထည့်သို နေလိုက်သည် ။ ကိုသာညို ညနေ လာခေါ်တော့လည်း တိုးစိန်ကို အဖော်ခေါ်ကာ သွားကြရုံပင်။ တိုးစိန်က မပိုင်းတောင့် အကြော်ဖိုကို ကူဖက်နေကျ ကလေးမ။ မပိုင်းတောင့်က အမေဆိုနေကျ ရှေးသီချင်းကလေးကိုပင် ညည်းမိပါ၏။ အမေက သီချင်း ညည်းခဲ့သော်လည်း တစ်ခါတစ်ရံ စိတ်လိုလက်ရ ညည်းပြန်တော့ သည် သီချင်း တိုတိုစစ ကလေးကိုသာ ညည်းတတ်သည် ။ အမေ ညည်းဖန်များ တော့ မပိုင်းတောင့်ပင် ရနေခဲ့ပြီ။ အ

မေ့အသံက ညင်ညင် ညက်ညက်ကလေးနှင့် အင်မတန် နူးညံ့သည် ။ ဇာတ်စင်ပေါ်မှာ မင်းသမီးတစ်လက် ကျကျနန ဟန်ကောင်းပန်ကောင်း ဆိုသလို ဆိုတတ်တာကိုလည်း သတိရမိပါ၏။

"ကျွန်မသဘောလေးတော့ အေးအေးဆေးဆေး ပြောပြချင် ×× လင်မယူ အပျိုကြီးလုပ်မယ့် ရွက်အုပ်သီးကလေး တင်တင် ×× မေတ္တာနာဝါလေ့ယာဉ် ×× ရေဇလာဝဲသြဃ ×× လားလားမှ မကူးဝံ့သူပါ သခင် ×× သုံးစလောင်းကုန်မှ ပြောင်းမှန်းသိတဲ့ အသွင် ×× ကျွန်မကိုချစ်ခင် မေတ္တာဖက်လျှင် �× အမေ့နားပေါက်အောင် ရွှေစကားတောက်လှည့်ပါရှင် ×× အလို ×× မောင်မောင်ဆန်းရဲ့ ×× အို ကြောင်တောင်ကန်းသကွယ့် ×× ကျွန်မလှတာ မမြင်ဘူးလားဟင် ×× မေတ္တာကြည်ဖြူ အကြောင်းတူမျှလျှင်တော့ �× အံဖုံးချနိုပ် သော့ခတ်ပိတ်လို့ မရနိုင်ပေါင်ရှင် ×× အတိုးဝေမျှ ရိုးမြေကျ ×× ပေါင်းရုံပ ပျို့ဒါလင်"

***

ပွဲသိမ်းည။

ပွဲရက် နောက်ဆုံးညမှာ ညောင်ခါးရွာပွဲခင်းတစ်ခင်းလုံး လူတွေ ခြေချစရာပင် မရှိလောက်အောင် စည်ကားလှသည် ။ ဘုရားပွဲကွင်းက စားကျက်ကွင်း ဖြစ်၍ စိုက်ကွင်းစိုက်ကွက် မဟုတ်တော့ ပွဲခင်းကြီး ကျယ်လှသည် ။ သရက်ပင်အုပ်အုပ် နှစ်စုသုံးစုတော့ ဟိုနားတစ်ကွက် သည်နားတစ်ကွက် ရှိသည့်အပြင် လက်ပံပင်တန်းကလည်း ရှိတော့ လှည်းတွေ နွားတွေ ချွတ်နိုင်ကြသည် ။ ဘုရားသုံးဆူစလုံးမှာ ဆွမ်းပန်းရေချမ်းတွေ ကပ်လှူထားကြတာကလည်း သစ်သီးတန်း ပန်း

တန်းနှင့်ပင် တူတော့သည် ။ ဆီမီးတွေကလည်း ငြိမ်းရသည် မရှိ။ ဆိုင်းသံ တခြိမ်းခြိမ်းကြားက ပွဲခင်းဆီ မရောက်ကြဘဲ ဆီမီးရာထောင် ကပ်လှူ ပူဇော်ကြသူတွေလည်း ရှိပါ၏။ ရှေးက သူကြီးဆောက်လှူခဲ့သော မျှောတိုင် သက်ကယ်မိုးဇရပ် မဟုတ်တော့ဘဲ နောက်ပိုင်း ကုသိုလ်ရှင်များ ၏ ကောင်းမှု အုတ်ဇရပ်ကြီးထဲမှာ လည်း အဝေးဧည့်တွေ ခြေချစရာပင် မရှိ။ ပွဲခင်းကြီးကို ဝိုင်းပတ်ထားသည့် ပွဲလှည်းတွေက နှစ်ထပ်သုံးထပ်ပင် မကချင်။ ပွဲတော်ကွင်းစပ် ကုက္ကိုတန်း၊ လက်ပံပင်တန်းတွေမှာ လည်း လှည်းတွေ ချွတ်ထားကြတာ ရာချီရှိလိမ့်မည်။

ရက်တို တောဘုရားပွဲဆိုတော့ ဆယ့်နှစ်ပွဲဈေးသည် လို ဆိုင်ကြီးကနားကြီး ဈေးခင်းတာမျိုး မရှိပေသိ အရွာရွာက လာရောင်းကြသော မုန့်သည် ၊ သရေစာသည် တွေက တစ်မျှော်တစ်ခေါ် ရှည်လျားလှသည် ။ အကြော်ဆိုင်တွေကချည်း ပွဲကွင်းတစ်ပတ်လည် ဆိုင်ပေါင်း ဆယ့်လေးငါးဆိုင်ထက် မနည်း။ ဘယ်ဆိုင်မှ မရောင်းရတာမရှိ။ သူ့ရွာနှင့်သူ့မိတ်အကြော်ဆိုင်တွေမှာ လူအပြည့်။ တချို့ဆိုင်တွေက အရက်ကလေး ကဲ့ကာ ပုန်းကာ ရောင်းကြတာလည်း ရှိသည် ။ ထင်ထင်ပေါ်ပေါ် မရောင်းရဘူးဆိုပေသိ ယောကျ်ားသား အတော်များများက ရီးရီးရိပ်ရိပ် မူးနေကြသူတွေသာ ဖြစ်၏။ သောက်ရင်းစားရင်း မူးကြရူးကြ၊ ဆဲကြဆိုကြ၊ ဆွဲကြလွဲကြရာက ကရုန်းကရင်း ရှိကြလို့ ပွဲဆူတာကလည်း ခဏခဏ။ ညောင်ခါးသူကြီး ဦးကျော်ပွားက ညောင်ခါးရွာ ဆယ်အိမ်ခေါင်းများ အပြင် တစ်ရွာ ဆယ်အိမ်ခေါင်း နှစ်ယောက်၊ ဝါးရင်းတုတ်ကိုင် နှစ်ယောက်စီ တောင်းထားသဖြင့် စီခနဲဆို ထိန်းလိုက်နိုင်တာ များပါ၏။ ရွာမလို သဲမလို ဟန်ပြင်နေသော မိုးသားတွေလည်း ပွဲညတွေမှာ တစ်ပိုး တစ်ပေါက်တောင် မကျသဖြင့် ပွေးကျင်းက မိုးတားဆရာလည်း ပွဲခင်းထဲ ခေါင်းပေါင်းစ တထောင်ထောင် ရှိလေ၏။

"တိုးစိန်ရေ ... ကြက်သွန်လှီးဦးဟဲ့ ... ဘူးသီးတစ်လုံးလည်း နွှာသာထားပါအေ ... သည် တစ်ဒယ်ကျရင် ကတိုးဝါနဲ့ ပဲမုန့်ကြော် ထည့်စမ်းမယ် ... ညည်းလှီးပြီးသာနဲ့ အနေတော် ကျမှာ ပဲ"

မဗိုင်းတောင့်ဆိုင်ကတော့ ကပ်လျက် အကြော်ဆိုင် လေးငါးဆိုင်ထဲမှာ အရောင်းရဆုံး ဖြစ်၏။ ရွာထဲက မိန်းကလေးတချို့ ပွဲမထွက်ခင် လာကူကြသော်လည်း ပွဲထွက်တော့ မရှိကြတော့ပြီ။ တိုးစိန်ကိုတော့ ပွဲသုံးရက် နေ့တွက်ပေးပြီး ခေါ်ထားရသည် ။ နေ့ခင်းဘက် ပဲကြိတ်ရ၊ ထင်းခွဲရနှင့် နှစ်ယောက်သား တစ်ရေးလေးတောင် အနိုင်နိုင် မှေးရပါ၏။ နေ့ခင်း နာရီပြန် နှစ်ချက်လောက်မှာ မီးဖိုပေါ် အကြော်ဒယ် ရောက်ရပြီ ။ အကြော် မီးကျင်းဘေးမှာ သစ်ငုတ်ကြီးကြီး တစ်တုံးချ၊ ဒူးပေါ် ပုဆိုးဟောင်း တစ်ထည်လွှားပြီး ကြော်လိုက်ရသည့် အကြော်၊ ညသန်းလွဲ တစ်ချက် နှစ်ချက်အထိ ထိုင်ပေရော့။ တိုးစိန်က ခပ်နုံနုံဆိုတော့ အကြော်တစ်ဖက် ကြော်ရင်း အပေးအကမ်း အအမ်းအတောကိုလည်း လှမ်းကြည့်ရသည် ။ မနေ့က လပြည့်နေ့ ဆွမ်းကြီးလောင်းပွဲမှာ ဆွမ်းကလေးလောင်းနိုင်လိုက်သည် ။ သည် နှစ် ညောင်ခါး ဘုရားပွဲပြီးလျှင် အိမ်ကလေး သက်ကယ်သစ်မိုး ရမည်။

"ကိုသာညိုကြီး ... မနက်လေးနာရီလောက် သိမ်းမလားလို့ ... တော်ပွဲကြည့်ဦးမှာ လား ... ပွဲကြည့်မယ်ဆိုရင် မနက်မိုးလင်းမှ သာ လှည်းကောက်ခဲ့တော့"

"ငါက မိုးလင်းသာနဲ့ ပွဲပြန်ပို့ရဦးမှာ ဗိုင်းတောင့်ရ ... မနက်လေးနာရီ ပတ်ချာလည်လောက် ရောက်အောင်လာခဲ့မယ် ... နင့်ပစ္စည်းတွေ အရင်ပို့ခဲ့မလားလို့ "

"ဟုတ်ပါပြီ ... တော့် အားနာလို့ ပါ"

ညဦးက အကြော်ဆိုင်ကို ကိုသာညိုကြီး ရောက်လာလို့ ပစ္စည်းသိမ်းလှည်းတစ်ခေါက်စာ ရွာအရောက် ပို့ပေးဖို့ မှာ လိုက်ရသည် ။ မဗိုင်းတောင့် အဖို့ ရာ ပွဲရယ်လို့ ဘယ်တုံးကမှ ခုံဖိနပ် ဖင်ခု ကြည့်ခဲ့ရသည် မရှိ။ ပွဲခင်းထဲက လူတွေ၊ လူတွေကို ဝိုင်းထားသည့် လှည်းတွေ၊ လှည်းတွေ နောက်ကမှ သူတို့လို ဈေးဆိုင်တွေဆိုတော့ လှည်းတပ်ကို ကျော်ပြီး ပွဲခင်းကို လှမ်းမြင်ရဖို့ မလွယ်။ ပွဲသံတွေကိုတော့ အတိုင်းသားကြားရပါ၏။ ရယ်စရာ ပြက်လုံးတွေကို ကြားတော့လည်း ဘယ်လိုလူက ဘယ်လိုပြက်နေမှန်း မသိရသော်လည်း ပွဲခင်းထဲက ဝေါခနဲ ရယ်သံတွေနှင့်အတူ မဗိုင်းတောင့် လိုက်ရယ်မိရသည် ။ တိုးစိန်ကတော့ လူနည်းနည်း ပါးသည် နှင့် ထင်းငုတ်တွေ စုကာ တက်ရပ်ရင်း လှည်းတွေကို ကျော်ကြည့်တတ်သည် ။ တိုးစိန်ကို ပွဲကြည့်စေချင်သော်လည်း ပွဲခင်းထဲ မလွှတ်ဝံ့။ ပြန်မလာလျှင် အခက်။ ဇာတ်က ပခုက္ကူဇာတ်ဆိုပေသိတောသူတောင်သားတွေ အဖို့ ရာတော့ ဦးဖိုးစိန်ကြီး လာကသလို မက်စက်ကြရှာသည် ။

"အရီးရေ ... မင်းသားက ချောသယ်တော့် ... အသံလည်း ကောင်းသယ် ... အရပ်က ပုပုလေးရယ် ... မင်းသမီးကို ချစ်ကြောင်းကြိုက်ကြောင်း ပြောနေသာ ကြားလား"

"ငါ ကြားပါသယ်အေ ... နောက်ပိုင်း ဇာတ်ထုပ်လောက် တအိုးတအောင့် မှီကောင်းပါရဲ့ "

တိုးစိန်ခမျာလည်း ဝေးဝေးက ငေးရုံသာ။ ထင်းပွေ့၊ ရေနွေးတည်၊ ရေနွေးအိုးချ၊ အကြော်ချ၊ ပိုက်ဆံသိမ်း။ လူကျလေ မဗိုင်းတောင့် မီးပူဟပ်လေ။ တိုးစိန်ခမျာလည်း ဒလက်လည်လေ။ ပွဲခင်းဘက် လည်မဆန့်နိုင်လေ။ နောက်ပိုင်းဇာတ်ပင် ထွက်နေပေ့ါ။

"မျက်ခုံးတွေကလည်း လှုပ်လိုက်တာနော် ... မောင်ကြီးတစ်ယောက် လှေကြီးနဲ့ အောက်ပြည်အောက်ရွာ ခရီးများ ထွက်သွားတာကလည်း ရက်များ ပင် ကြာပါပေါ့လား ... နေကောင်းထိုင်သာမှ ရှိရဲ့ လား ... သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ စောင့်ရှောက်တော် မူကြပါ ... အရေးထဲ အဖေကလည်း ဘယ်များ သွားပါလိမ့်နော် ... လှုပ်လိုက်တာ ခဲခပ်စွာပွေအင် မဆုံးပါကလာ့ ×× ဝဲလက်ယာ ရွှေမင်ခုံးရယ်က ×× စက်အုံးမှာ ခါခါမကြည်လို့ ×× မျက်လုံးပါ ချာချာလည်ရသကွယ် ×× နာရီမခြား အား ဟာ ×× မှတ်ကြပင်စရာလေ လေ့ ×× လာဘ်ရရင် အမှန်ရတနာပ ×× ရန်တကာ ရန်လာလျှင် ကျေစေသားရယ်လို့ ×× ရွှေဖွားမှာ မြေစာယူလို့ ×× မေထားဖြူ ချေတဲ့ ကိန်းကိုရှင် ×× အမယ်လေး ငြိမ်းပ့ါမလား အား ဟား ဟား"

မင်းသမီး ငိုချင်းချနေတာကို ထင်းမြစ်တုံးကြီးနှစ်တုံး ဆင့်ကာ ကြည့်နေသည့် တိုးစိန်ကို မဗိုင်းတောင့် စိတ်ရောက်သွားသည် ။ ခမျာ ကြည့်ချင်ရှာထင်ပါရဲ့ ။

"တိုးစိန် ... ပွဲခင်းထဲ ဝင်တိုးကြည့်ချင် ကြည့်ချေလေ ... ကိုသာညိုက မနက်လေးနာရီလောက်မှ လာသယ်မှာ ... ခုဘယ်အချိန်လောက်များ ရှိပါလိမ့် ... လင်းတော့ လင်းလုပါပြီ"

"အရီး တအောင့်ကြည့်ချေပါ ... ကျုပ် စောင့်လိုက်ပ့ါမယ်"

"တော်ပါပြီအေ ... ညည်းသာ ကြည့်ချေပါ ... ပစ္စည်းတွေလည်း စုပြီးပေ့ါဟာ ... သွား သွား ... ငါ့တူမ ကြည့်ချေ"

ဝါခေါင်လ မိုးသက်လေက တသုန်သုန် တိုက်ခတ်လျက်ရှိ၏။ မိုးလင်းကာ နီးလို့ များ မိုးသောက်လေသွေးတာ ထင်ပါရဲ့ ။ သည် မနက် ခါတိုင်းထက် အေးလိုက်တာ။ မဗိုင်းတောင့် အကြော်တဲ အပြင်ထွက်ပြီး

ကောင်းကင်ကို မော့ကြည့်လိုက်သည် ။ မိုးသားတွေက အိလို့ ။ မိုးများ ရွာဦးမှာ လား။ ဘုရားပွဲရော၊ ဇာတ်ပွဲရော မိုးလွတ်ခဲ့ပေသိ အဖျားထခ တ်ချင်လည်း ခတ်နိုင်သည် ။ ပွဲကြည့်တွေက ငြိမ်လို့ ။ လှည်းတွေကလ ည်း တုတ်တုတ်မျှ မလှုပ်ကြ။ ဘုရားသိကြားမလို့ ပွဲပြီးမှ ရွာပါစေတော် ...။ အကြော်တဲအလယ်မှာ ချိတ်ထားသည့် ရေနံမီးအိမ်ကို ဖြုတ်လိုက် သည် ။ နည်းနည်းမှောင်သလို ရှိသော်လည်း မြင်ရပါ၏။ ခဏနေတော့ တဲထဲကို ပုဆိုးတစ်ထည် ခြုံရင်း ကိုသာညို ရောက်လာသည် ။

"ငါလည်း မှန်းလာရသာ ဗိုင်းတောင့်ရေ ... လှည်းက နင့်တဲနားအ ထိ ဝင်မရဘူး ... လှည်းလမ်းပေါ်မှာ ငုတ်တုတ်ပွဲကြည့်တွေ ပြည့်နေလို့ ကွင်းစပ်ချတ်ထားခဲ့သယ် ဟိုကလေးမကော"

"ပွဲကြည့် လွှတ်လိုက်သယ် ... တိုးစိန်က ရွာက အဖော်တွေနဲ့ နေခဲ့မှာ ထင်ပါရဲ့ ... ကျုပ်လည်း သယ်ပ့ါမယ် ... တော် ဒယ်အိုးကြီး တွေ ဖျာကြမ်းလိပ်တွေသာ သယ်ပေးတော့"

"နင် တစ်ခေါက်စာသာ သယ်သွားပါ ... ကျန်သာ ငါသယ်စမ်းပ့ါမ ယ် ... အနောက်ဆီက ပန်းလာလို့ လည်း မဖြစ်ဘူးဟ ... ကျင်းတွေ ချိုင့် တွေနဲ့ နွားတွေ ခြေခေါက်မှ ငါ ထမင်းငတ်မှာ "

ဒါလည်း ဟုတ်ပါရဲ့ ။ မိုးရိပ်မည်းမည်းကြောင့် မနက်လင်းကာနီးမှ ပိုလို့ ပင် မှောင်မည်း နေသေးသည် ။ မမြင်ရသည့်ဘက်က မောင်းလာ လျှင် နွားခြေထောက်တွေ ချိုင့်ထဲ ခွက်ထဲကျနိုင်သည် ။ သွင်သွင်ကျိုးနိုင် သည် ။ တစ်ယောက် နှစ်ခေါက်၊ သုံးခေါက်စီ သယ်လိုက်တော့ လှည်း ပေါ် တော်တော်လေး ရောက်ပြီ။ တိုလီမုတ်စတွေက ခပ်များများ ကျန် နေသေးသည် ။

"ကိုသာညို ... ကျန်သာ တော်ပဲ သယ်လိုက်တော့ ... လက်ပံပင်တွေ

နောက်က ထင်းတစ်ပွေ့ကျန်သာ ကျုပ် သွားသယ်လိုက်ဦးမယ်"

"အေး အေး ... သွက်သွက်သယ်ဟ ... မိုးဖွားတောင်ကျ လာပြီ"

"တော် ပြီးအောင်သယ်နှင့် ... ကျုပ် လှည်းဆီ လိုက်လာခဲ့မယ်"

မပိုင်းတောင့်က မင်းသား သီချင်းဆိုသံကို တအောင့် နားထောင် နေလိုက်သေးသည် ။ မျက်လုံးတွေက သုံးညအိပ်ရေးပျက်ထားတော့ ဖန်ရီရီ။ နေ့ခင်း နေ့လယ်တွေမှာ လည်း အိပ်ရ နားရတာ မဟုတ်။ လှီးရချွတ်ရ ထုရထောင်းရတာနှင့် ပြီးရတာ မဟုတ်လား။ ထိုစဉ်မှာ ပင် မိုးတံခါးဖွင့်ချလိုက်သလို မိုးတွေ သွန်ကျလာခဲ့သည် ။ မထင်မှတ်သည့်အချိန်မှာ ရွာလိုက်သဖြင့် ပွဲခင်းတစ်ခင်းလုံး ဟီးခနဲ အသံကြီးမြည်ကာ မိုးဟေ့ ... မိုးဟေ့ ဆိုသည့်အသံတွေ ဆူပွက်သွားခဲ့ပါ၏။ လူတွေအားလုံး ထရပ်လိုက်ကြသော်လည်း လှည်းတွေ ဝိုင်းနေတော့ ထွက်ပေါက် မရှိသလို မိုးရေတွေကြားမှာ တိုးဝှေ့နေကြတာကို မပိုင်းတောင့် မြင်နေရသည် ။ လှည်းတွေကလည်း ချက်ချင်း ကောက်မဖြစ်တော မိုးထဲလေထဲမှာ သည်အတိုင်းကြီး တောင့်ခံ နေကြရသည် ။ နွားတွေကလည်း ပွဲခင်းအပြင်မှ ယောက်ယက်ခတ်လို့ ။ ဇာတ်ခုံပေါ်က ပြည်ဖုံးကားကြီး ချလိုက်တာကိုလည်း မြင်နေရသည် ။ ကမ္ဘာပျက်သလို အော်ကြဟစ်ကြရင်း သည်းသည် ထက် သည်းလာသော မိုးရေတွေအောက်မှာ ဘယ်ကိုမှ မပြေးနိုင်ကြသလို ဖြစ်နေကြသည် ။ လူတွေက လှည်းတွေကြောင့် မတိုးနိုင်သလို၊ လှည်းတွေက လူတွေအရှင်းကို စောင့်နေကြတာကပဲ တော်တော် ကြာသွားသည် ။ မပိုင်းတောင့်ပင် ပွဲခင်းကိုကြည့်ရင်း ရပ်နေမိရာက ထင်းတစ်ပွေ့ထားရာ လက်ပံပင်ခြေဘက်ကို ခပ်သွက်သွက် လျှောက်ခဲ့သည် ။

လက်ပံပင်တွေက တသီကြီး။ ပါးပျဉ်းတွေက လူတစ်ယောက် ငုတ်

တုတ် ပုန်းနိုင်လောက်အောင် အချိုင့်ကြီး လုပါ၏။ မဗိုင်းတောင့်က လက်ပံပင် အဟိုက်ကြီးကြီးထဲမှာ ထင်းတွေ စီထပ်ထားခြင်း ဖြစ်သည် ။ ထင်းတစ်ပွေ့စာ ဆိုသော်လည်း မထားရက်ခဲ့ချင်။ ထင်းတွေကို ကောက်ပွေ့လိုက်ဖို့ ငုံ့လိုက်တော့ မြွေတွန်သံလိုလို၊ ခွေးငယ်အိုင်သံလိုလို အသံကလေးတစ်သံ ကြားလိုက်ရလို့ ဘေးဘီကို အကဲခတ်သည် ။ လက်ပံပင်တွေ အောက်မှာ ဆိုတော့ မိုးရေများများ မကျသေး။ ပွဲခင်းဆီက တဝေါဝေါအသံတွေကလွဲလို့ လက်ပံပင်တွေနောက်မှာ လူသူမရှိ။ ဘာသံပါလိမ့်။

မဗိုင်းတောင့်က ကပ်လျက် လက်ပံပင်ဘက် ကူးခဲ့ကာ လိုက်ကြည့်သည် ။ ပါးပျဉ်း အဟိုက်ကြားမှာ အဝတ်လိုလို၊ အထုပ်လိုလို အပုံတစ်ပုံ ရှိနေတာ တွေ့လိုက်ရတော့ တစ်ချက် ငန့်သွားသည် ။ အသံကလေးက သည် အထဲက ထွက်နေခြင်း ဖြစ်၏။ မဗိုင်းတောင့် ငုံ့ကြည့်လိုက်တော့ မထင်မှတ်တာကို မြင်လိုက်ရလို့ တစ်ကိုယ်လုံး တောင့်သွားလေသည် ။

"ဟောတော် ... ဟောတော် ... ကလေးလေးတော့် ... ဘယ်ကဘယ်လို ..."

*****

(၂)

ကလေးကို သိမ်းပွေ့ရင်း ကိုသာညို့လှည်းဆီကို မိုးရေထဲကပဲ ဒရောသောပါး လှမ်းလာခဲ့သော ခြေထောက်တွေက မြေကြီးနှင့်ပင် လွတ်ချင်ချင်။ မဗိုင်းတောင့် ရင်တွေ ခုန်လှချည့်ကော။ ရွှေငါးဆယ်သားထုပ်တစ်ထုပ် ကောက်ရသည် ဆိုလျှင်ပင် သည် လောက် ရင်ခုန်စရာအကြောင်းမရှိ။ ခုတော့ လူသား ကလေးငယ်တစ်ယောက်ကို မထင်မှတ်သည့်အချိန်၊ မထင်မှတ်သည့်နေရာက ကောက်ရခဲ့ပြီ မဟုတ်လား။ ဘယ်သူ့ကလေးလဲ။ ဘာကိစ္စ လက်ပံပင်နောက် အမှောင်ထဲက ပါးပျဉ်းအဟိုက်တွေထဲ ရောက်နေရတာလဲ။ ကလေးမအေခမျာ ကလေးခဏ ချထားခဲ့ပြီး တပို့တပါး သွားနေသလား တွေးမိလို့ ခဏပင်စောင့်နေခဲ့သေးသည် ။ ကလေးမအေများ ရှိနေမလား တစ်ခွန်း နှစ်ခွန်း အော်ကြည့်ခဲ့သေးသည် ။ မရှိ။ ပြန်ထူးသံလည်း မကြားရ။ သည် လောက် မိုးတွေ ဖြောင်းဖြောင်းပြေး ရွာနေတာတောင် ကလေးဆီ အရောက်မလာပုံ ထောက်တော့ သည် ကလေးကို တစ်ယောက်ယောက်က စွန့်ပစ်ခဲ့တာဖြစ်နိုင်သည် ။ ဖြစ်နိုင်တာကတော့ မအေရင်း ကိုယ်တိုင်ပင်။ ကိုယ့်ရင်နှင့် လွယ်မွေးခဲ့ရသည့် ကလေးကို ဘယ်လိုကြောင့်များ ရက်ရက်စက်စက် စွန့်ပစ်ခဲ့တာပါလိမ့်။ တော်ရုံမိခင်စိတ်နှင့်ပင် မတွေးရဲ မတွေးရက်စရာ ကိစ္စဆိုတော့ မဗိုင်းတောင့်ပင် ကြားက ရင်တွေ နာလိုက်တာ။ ဘာပဲဖြစ်ဖြစ် ကိုသံမှိုနှင့် ပေါင်းခဲ့သည့် ဆယ်နှစ်တာ ကာလအတောအတွ

င်း သားသမီးရယ်လို့ မပေါ်ပေါက်ရသူ အဖို့ ရာ လက်ပံပင်စောင့်နတ်က မွေးပြီးသား ကလေးတစ်ယောက် ရော့ဟဲ့၊ အင့်ဟဲ့ ပေးလိုက်သလို ရှိခဲ့ရတော့ ဝမ်းသာလိုက်တာ မပြောပါနှင့်တော့။ ကလေးကို ကောက်ပွေ့လိုက်ပြီဆိုကတည်းက မဗိုင်းတောင့် ကလေးတစ်ကိုယ်လုံးကို လက်ရောက် စမ်းမိခဲ့သည် ။ မိန်းကလေး ...။

မိုးရေတွေက အငြိုးနှင့် ရွာနေသလို တဝေါဝေါ မြည်ဟည်းလျက် ရှိ၏။ ပွဲခင်း တစ်ခုလုံးကလည်း အော်သံ၊ ဆူသံ၊ ခေါ်သံ၊ ထူးသံတွေ ညံလှပါ၏။ လှည်းတွေက ကိုယ့်နွားကိုယ် ကောက်ကြပြီး ပွဲခင်းထဲက ထွက်ဖို့ ပြင်ကြပြီ။ ခက်တာက ပွဲခင်းထဲက စိတ်ရှိတိုင်း မထွက်နိုင်ကြခြင်းပင်။ ပွဲခင်းထဲတွင် လူတွေကို အမှုန့်ထောင်း ထည့်ထားသလို ပိတ်ပိတ်ညပ်နေကြတာဆိုတော့ လူတွေ ပွဲခင်းထဲမှာ မရှိတော့မှ လှည်းတွေ ထွက်နိုင်ကြလိမ့်မည်။ လူတွေက လုံးကြီးခဲရ မဆုံ့ရင်ကန်တိုးကြထွက်ကြရင်း မိုးရေတွေထဲမှာ စိမ်ပြေနပြေ မိုးရေချိုးနေကြသလို ရှိလေ၏။ အသံချဲ့စက်ကလည်း သိမ်းရပြီ။ မီးစက်ကလည်း ငြိမ်းရပြီ။ ဇာတ်စင်ကလည်း မိုးနှင့်လေ တရစပ် ပက်နေလေတော့ ငုတ်တုတ် လည်စင်း ခံနေရုံသာ။ စောစောက ငိုချင်းချခဲ့သော မင်းသမီးကကော။ လက်ပံပင်အိုကြီး အောက်မှာ ကလေးပွေ့ရင်း မဗိုင်းတောင့်ပင် ငူငှက်လို ခဏကလေး သတိလက်လွတ် ဖြစ်ခဲ့ရသည် ။

"မိုးမင်းရယ် ... နှစ်နာရီ သုံးနာရီလောက်များ နောက်ဆုတ်ရွာတော့ ဘာဖြစ်မှာ မို့တုံး ... ရက်စက်ချက်တော့တော်"

မဗိုင်းတောင့်လည်း ကြာကြာမနေသာပါ။ လက်ပံပင်ခြေက သုတ်ခနဲ ထွက်လာခဲ့သည် ။ ကိုသာညို့လှည်းက စောင့်နေရော့မည်။ ထင်းတစ်ပွေ့ သွားသယ်တဲ့ မိန်းမ ကြာလှချေကော အောက်မေ့ရော့မည်။ နေဦး

...။ ကလေးကိစ္စ ဘယ်လိုပြောရပဲ့။ ခြေလှမ်းစိပ်စိပ် လှမ်းရင်းက ခေါင်းခြောက်အောင် စဉ်းစားလာခဲ့ရသည် ။ လက်ပံပင်အောက်က ကလေးတစ်ယောက် ကောက်ရလာသတဲ့ ဆိုသည့်သတင်းသာ ထွက်ခဲ့လျှင် နောင်မှာ အရှုပ်အရှင်း ရှိလာနိုင်တာ လောက်တော့ မဗိုင်းတောင့် နားလည်ထားသည် ။ ကိုယ့်ကုသိုလ်နှင့်ကိုယ် ကိုယ့်လက်ထဲ ပွေ့ပွေ့ထွေးထွေးကြီး ရောက်လာသည့် ကလေးကို ကောက်ရရချင်းမှာပင် မဗိုင်းတောင့် သိမ်းဖက်ထားခဲ့မိပြီ။ ကိုယ့်ဝမ်းက လွယ်မွေးရသည့် ရင်သွေးလို မိခင်စိတ်တွေ တစိမ့်စိမ့် ယိုကျလာခဲ့သည် ။ သည့်အတွက် ထိုတဒင်္ဂမှာ နွေးခဲ့ရသည့်ရင်ကို ဘယ်လိုအရာကမှ ငြိမ်သက် အေးငြိမ်း ပေးနိုင်ဖွယ်မရှိ။ ဝါခေါင်လပြည့်ကျော် မိုးက အုန်းအုန်းဖြုန်းဖြုန်း ရွာနေဆဲ။ မိုးရေထဲမှာ ကလေးလည်း စို၊ သူလည်း စို။ ကလေးကို တင်ပါးကတစ်ချက် ကျောကတစ်ချက် ပွေ့ပိုက်ရင်း မိုးရေတွေထဲ ထွက်လာတော့ အေးမြလွန်းလှသည့် မိုးရေကြောင့် တစ်ကိုယ်လုံး ထုံခဲ့သွားသလား ထင်ရပါ၏။

"မိုးကောင်းမရယ် ညည်း ဘယ်ကတုံး ... ဝါခေါင်မိုးမရယ် ညည်းကို အမေမွေးရပြီပေ့ါအေ ... ညည်းအမေက ဘယ်သူတုံး ... ညည်းနာမည်က ဘယ်သူတဲ့ တုံး ... သည် လိုအဖြစ်မျိုး ကြုံရလောက်အောင် ဘယ်ဘဝက ညည်း ဘယ်အကုသိုလ်များ ပြုခဲ့တာတုံး"

အရူးမတစ်ယောက်လို ကလေးပိုက်ရင်း သုတ်သုတ်လှမ်းနေသည့် မဗိုင်းတောင့်ကို ဘယ်သူ့ ဘယ်သူကမှ သတိထားမိစရာ အကြောင်းမရှိ။ မိုးထဲလေထဲမှာ သူ့သူငါငါ ပြေးပြေးလွှားလွှား ဆိုတော့ ကွင်းစပ်က လှမ်းနေသည့် မဗိုင်းတောင့်ကို ဘယ်သူကမှ ဂရုမစိုက်အား။ မဗိုင်းတောင့် လှည်းဆီကို ရောက်တော့ ကိုသာညိုက နွားကြိုးနှစ်စ ဆွဲထားရင်း လှည်းပေါ် မတ်တတ်ကြီး ရပ်လို့ ။ လည်တမျှော်မျှော်။

"မိုင်းတောင့်ရယ် နင့်နှယ် ... ထင်းတစ်ပွေ့သယ်ဖို့ သွားသာများ သောနုတ္တိုမုဆိုး တောထဲလွှတ်သလောက် ကြာသကောဟာ ... မြန်မြန်လာဟ ... ရွာလှည်းတွေ ထွက်လာရင် ပိတ်မိကုန်ကရော့မယ် ... ရေကျော်ချောင်းတွေကျရင် အကူးခက်ကရော့မယ် ... ဘယ်မှာ တုံး နင့်ထင်းတစ်ပွေ့က"

"မယူခဲ့တော့ပါဘူး ကိုသာညိုရယ် ... ဟောသည် ကလေးသာ ပွေ့ယူစမ်းပါ ... ကျုပ်လှည်းဘီးပေါ်က တက်ခဲ့မယ် ... ကျုပ်တူမနဲ့ တွေ့နေလို့ ကလေးပြဿနာ ရှင်းနေရလို့ ကြာသာပါတော် လှည်းပေါ်ရောက်မှ ပြောပါရစီတော့"

ကိုသာညိုက လက်က နွားကြိုးနှစ်ချောင်းကို လှည်းရုံတိုင်မှာ တစ်ပတ်ပတ်ရင်းက ကလေးကို ပွေ့ယူသည် ။ မမိုင်းတောင့် လှည်းပေါ်ရောက်တော့ ပစ္စည်းတွေ လွှတ်သည့်နေရာမှာ ထိုင်လိုက်ရင်း ကလေးကို လှမ်းယူသည် ။ ကိုသာညို လှည်းကို ဇောင့်ခနဲ ရုန်းထွက်တော့ အနားက ပုဆိုးဟောင်းကို လှမ်းဆွဲပြီး ကလေးကို ရနိုင်သလောက် မိုးရေ ကာပေးလိုက်သည် ။ တော်ပါသေးရဲ့ ကလေးက မငိုလို့ ။ မမိုင်းတောင့် ကလေးပါးစပ်ထဲ လက်ထည့်စမ်းတော့ သွားလေးနှစ်ချောင်းက ပြူစို့စို့။ အခါလည်တော့ ရှိလောက်ထင်ပါရဲ့ ။ လူတွေ လှည်းတွေကို လှည်းနောက်ဆီမှာ မည်းမည်းတုပ်အောင် လှမ်းမြင်နေရသည် ။ ကိုသာညိုက လှည်းကို မြန်မြန်မောင်းလေ၏။

"မိုင်းတောင့် ဘယ်သူရယ်ဟ"

"ဘာကိုတုံး"

"ကလေးကိုပြောသာ ... ဘယ်ကဘယ်လို ပါလာတာတုံး ... ပွဲခင်းထဲ ရတ်ရတ်သဲသဲ ဖြစ်တုန်း မအေနဲ့ ကွဲတဲ့ ကလေးလားဟာ ... မအေ့ခ

မျှာ ခေါင်းမီးတောက် နေပါဦးမယ်"

"မဟုတ်တဲ့ စကား ပြောရှော့မယ် ... ကျုပ်က ဘယ့်နှယ့်လုပ်ပြီး မိုးကြီးလေကြီးထဲ ပွဲခင်းထဲဝင်ပြီး ကလေးကောက်လို့ ရမှာ တုံးတော် ... သည် အရွယ်ကလေးကို ဘယ်မအေက မြေပေါ်ချပြီး ကိုယ်လွတ်ရုန်း ပြေးပါ့မတုံး"

"အေး ... အဲသာတော့ ဟုတ်သယ် ... မအေပွေ့ရမယ့် အရွယ်ကိုးဟ "

မဗိုင်းတောင့်က ချက်ချင်း စကားမပြန်။ သူ့စိတ်ကူးထဲ ထည့်လာသည့် အတွေးကြမ်းကို ယုတ္တိယုတ္တာရှိအောင် ပြန်စဉ်နေရသည် ။ လှည်းပေါ်မှာ မဗိုင်းတောင့် ပြောလိုက်သည့် စကားက ရွာထဲပြန့်မှာ ဆိုတော့ စကားရှေ့နောက် ညီရလိမ့်မည်။ အခုလည်း ရှင်း နောင်လည်း ရှင်းရလိမ့်မည်။ သည် ကလေး ကြီးသည် အထိ ကိုယ်ရင့်တတူ ပါရမည့်စကား ဖြစ်ရမည်။ မိုးတွေက ချက်ချင်းကြီး ရပ်သွားစရာမရှိ။ ပိုလို့ ပင် သဲလာခဲ့ပြီ။ မဗိုင်းတောင့်က မိုးသံလေသံကို ကျော်ပြီး ကြားနိုင်အောင် ပြောပြသည် ။

"သည် လို ကိုသာညိုရေ ... ကျုပ်တို့ အဖေ့အမျိုးတွေက ကူဖြူတို့ ၊ ပန်းတောတို့ နေသာ တော်သိမှာ ပါ ... ကျုပ်တို့ နဲ့ က မိဘများ ရှိကတည်းက အကူးအလူး သိပ်မရှိကြပါဘူး ... ဆွေရယ်မျိုးရယ်လို့ သူတို့ က သံယောဇဉ် နည်းကြသလို ကျုပ်ကလည်း မမျှော်ဘူး ... ကျုပ် ထင်းသွားပွေ့တော့ ကျုပ်အကြော်တဲနေရာမှာ မိန်းကလေးတစ်ယောက် ကလေးပွေ့ရင်း မတ်တတ်ကြီးရပ်လို့ ... အကြော်တဲဖျက်ပြီး ကျုပ်ပြန်ပြီ အထင်နဲ့ ရပ်နေသာတဲ့ ... ကျုပ်ကလည်း မိုးထဲလေထဲ ပွဲပြိုရတဲ့ ကြားက ကလေးမအေနှယ် ဘယ့်နှယ့် မိုးထဲရေထဲ ရပ်နေရပါလိမ့်ပေါ့"

"အဲဗျာ ... နင့်ဟာက အဆန်းပါလား"

"ပြောဦးမယ် ... ကျုပ်မှာ ဆွမ်းခံရင်းငှက်သင့် ... အဖေ့အမျိုးထဲက ကျုပ်ကြီးတော်သမီး ဇီးမရယ် ... ကျုပ်က ထင်လိုက်လို့ ထင်းထားရာ မသွားသေးဘဲ ဇီးမလားဆိုတော့ ဟုတ်သယ်တဲ့ ... ကျုပ်တွေ့တော့ ဝမ်းသာသွားပုံတော်ရေ ... ကျုပ်က ဘာတုံးဆိုတာ့ အစ်မကို လာရှာသာတဲ့ ... ကျုပ်ကလေးကို အစ်မနဲ့ တစ်နှစ်တစ်ဝါ ထားခဲ့ချင်လို့ တဲ့ ...၊ ဟဲ့ ... ညည်း ကလေးပစ်ပြီး ဘယ်သွားမှာ တုံးဆိုတော့ ကျုပ်လင်နဲ့ ကွဲသာ ကြာပြီတဲ့ ... ကလေးတစ်ယောက် အဖတ်တင်သာပါ အစ်မရယ်တဲ့ ... ဘာမှ လည်း လုပ်စားလို့ မရဘူးတဲ့ "

"ဒါဖြင့် မိုင်းတောင့်ရဲ့ ... နင့်ကို အပြီးပေးသွားတဲ့ သဘောလား"

"အပြီးလား၊ မပြီးလား မပြောတတ်ပေါင် ကိုသာညိုရယ် ... ကိုယ့်သွေးဆိုတော့ ကျုပ်ကလည်း တိုးစိန်အားကိုးနဲ့ ထားခဲ့လေ ပြောလိုက်ရသယ် ... သူတို့ ရွာက မိန်းကလေး အဖော်တွေနဲ့ တောင်ပေါ်လက်ဖက်ခူးလိုက်မယ် ပြောသာပဲ ... ကွဲနေတဲ့ ယောကျ်ားကလည်း ကလေးရမယ်ရှာပြီး နှောင့်ယှက်နေလို့ ဆိုလား ... ရှောင်တဲ့ သဘောနေမှာ ပေ့ါ"

"ခက်ပ့ါကောဟာ ... အံမာ အရေးထဲအရာပေါ် မိုးကလည်း ကောင်းလွန်းဗျာ ... ပွေးကျင်းဆရာ မိုးတားသာ ပိုတောင်ဆိုးရော့ မှတ်သယ် ... ဟ နွားရ ကပ်ဖိုးကပ်ဖဲ့နဲ့ ... ရော်ဗျာ ပြောနေတဲ့ ကြားက"

ကိုသာညိုက ကလေးပြဿနာရှင်းသွားသလို ထပ်မမေးတော့။ မဗိုင်းတောင့်က သူပြောခဲ့တာကို ပြန်စဉ်းစားရပါ၏။ ကူဖြူပန်းတောရွာတွေမှာ အဖေ့အမျိုးအချို့ ရှိသော်လည်း ဇီးမဆိုတာလည်း မရှိ၊ လင်ကွဲတယ်ဆိုတာလည်း မဟုတ်။ ပါးစပ်ထဲရှိတာ ပြောလိုက်ရခြင်းသာ ဖြစ်သည် ။ သည် နာမည်တွေကိုတော့ မှတ်ထားရဦးမည်။ ဘယ်

သူကမေးမေး သည် နာမည်နှင့် သည် ဇာတ်ထုပ်ကို ခင်းရမှာ မဟုတ်လား။

မဗိုင်းတောင့်က ပုဆိုးဟောင်းအုပ်ထားသော ကလေးကို မနက်ခင်းအလင်းရောင်ပြေးနှင့် ကြည့်သည် ။ မိုးရေတွေ ရွှဲရွှဲစိုထားလို့ မျက်လုံးအပြူးသားကလေးနှင့် ပါလာတာကိုကြည့်ရင်း သနားစိတ်ဝင်ရပြန်သည် ။ လှည်းက မကြာခင် ရွာဝင်တော့မည်။ မတတ်နိုင်ပါ။ ကလေးကို အရင် ခြောက်အောင်သွေ့အောင် ထားရမည်။ ပစ္စည်းတွေကိုတော့ ကိုသာညိုကို ချခိုင်းရုံသာ။ ကလေးကို သွေ့အောင်ထားတာတော့ ဟုတ်ပါရဲ့ ၊ ကလေးအတွက် လဲစရာဖယ်စရာ အဝတ်အစား မရှိတာ ဘယ့်နှယ့် လုပ်ရပ့်။ အိမ်နားက မစံမေကို အကျိုးအကြောင်း ပြောပြီး ကလေးအင်္ကျီ ခဏငှားရမှာ ပေ့ါ။ သူ့သမီး ချက်စူမ အင်္ကျီနဲ့ ဆို တော်ကောင်းပါရဲ့ ။

"နင့်ဝမ်းမနာသမီးသာ ရေမိုးခြောက်အောင်လုပ်ပါဟာ ... ဝန်စည်စလယ်တွေ ငါပဲချပေးပ့ါမယ် ... ဇာတ်ပွဲကလည်း ပွဲကူးဖြစ်ကဲ့လား မပြောတတ်ဘူး ... ခမျာများ လည်း သည် လောက်ဆိုရင် ကွက်စုတ်ရေမွန်း ဖြစ်ကြပြီထင်ပ့ါ"

ကိုသာညိုကပဲ ပြောလာလို့ ကျေးဇူးတင်ရသေး။ အိမ်ရောက်တော့ လှည်းပေါ်က ဆင်းပြီးသည် နှင့် ကလေးကို ရေတွေစင်အောင် ဗန်းမော်တဘက်ဟောင်းနှင့် ထွေးရသည် ။ ထိုင်ခိုင်းတော့ ငြိမ်ငြိမ်ကလေး ထိုင်ရှာပါ၏။ မစံမေ့သမီး အင်္ကျီနှစ်ထည်နှင့် ဘောင်းဘီတို ကလေးနှစ်ထည် ခဏငှားပြီး ဝတ်ပေးရသည် ။ သနပ်ခါးပျစ်ပျစ်သွေးပြီး လက်ခလယ်နှင့် တစ်ကော်ကောက်ကာ ကလေးပါးစပ်ထဲ ခွံ့ပေးရင်းက ဆုတောင်းသည် ။ ပြီးမှ ကိုယ်တိုင် အဝတ်လဲရသည် ။ ခေါင်းတွေ သုတ်ရသည် ။

"ဘုရားဆေး တရားဆေး သံဃာ့ဆေးပါတော် ... အသက်တစ်ရာ အနာမရှိ ပါလာသမျှ အညွှတွေ ကင်းစင်ပပျောက်၍ သည် မအေ သည် သမီး ကျန်းမာပကတိ ချမ်းသာအတိ ရှိကြပါရစီတော်"

ရွာလမ်းဘက်ဆီက မိုးထဲလေထဲ ဖြတ်မောင်းသွားကြသော အဝေး ရွာတွေက ပွဲလှည်းသံတွေ ကြားရပြီ။ ကိုသာညိုကပဲ လှည်းပေါ်ကပစ္စ ည်းတွေ ချပေးရှာပါ၏။ ကိုသာညိုကို လှည်းခ ပေးရဦးမည်။ ကိုသာညို က နောက်မှ ပေါင်းပေးပါဟာ ဆိုသည့်ကြားက ဇွတ်ပေးရသည် ။ ကို သာညိုက လှည်းခကို မဗိုင်းတောင့် ပေးသလောက်သာ ယူရှာပါ၏။

"မုဆိုးမပိုက်ဆံများ မလိုချင်ချက်တော့ဟာ ... ပေးတော့လည်း ယူရုံ ပေ့ါ ... နင့်နှယ် တော်သေးသာဗျာ ... ရေကျော်ချောင်းချောက်တွေထဲ ရေမရောက်သေးလို့ ... ခဏနေရင် ရေဆင်း လာလောက်သယ် ... ငါ့စိ တ်ထင် မိုးက တစ်နေ့လုံး တိတ်မယ့်ပုံ မပေါ်ရေးချ မပေါ်ဗျာ ... မနက်ဖျ င်တိတ်ရင် အာဂ"

"ကျုပ်ကလည်း မုဆိုးဖိုလှည်း အလကား ငှားသယ် အဖြစ်မခံနိုင်ပေါ င်တော် ... နော့သမီးရာ ... ကျုပ်ကို လုပ်ကျွေးမယ့်သမီး မွေးပါပြီတော်"

"ရှူးပ့ါဟာ ... ကိုင်း သွားပဟေ့ ... ညောင်ခါးဇာတ်ခုံဘက် ပြန်သွား ရဦးမှာ ပါဟာ ... ဇတ်က သည် မနက် ရေစကြိုဘက် ကူးမယ်ပြောသာ ပဲ ... တို့ လှည်းတွေက ကားလမ်းရောက်အောင် ပို့ရမှာ ... ငါက မင်းသ မီးမိုးမိပြီး ဖျားမှာ စိုးသာ ... ခမျာကလေး သနားစရာ"

"ကိုယ့်ကိုယ်ကိုယ် သနားဦး ဦပကကြီးရေ ... မျက်စိကမှုန် နားက ထုံ ဆံအုံကဆွေး နံရိုးကွေးနဲ့ ဇာတ်မင်းသမီးများ မှန်းလို့ ... ရောဂါ ဟောင်း ပြန်ထမနေနဲ့ ... ဟိုက ထဘီတောင် အခေါက်ခိုင်းမှာ မဟုတ် ဘူး "

ကိုသာညိုက မပိုင်းတောင့်ထက် အသက်ကြီးပေသိ မပိုင်းတောင့်နှင့်က ပြောမနာ ဆိုမနာတွေ။ ရွာမှာ အတူနေခဲ့ကြတာ ကြာပြီ။ ကိုသာညိုမှဆိုးဖိုမဖြစ်ခင်က ကိုသာညို့မယား မရွှေတင်ကို မပိုင်းတောင့် ကောင်းကောင်း မီလိုက်သည် ။ ကိုသာညိုက အင်မတန် သဘောမနောကောင်းသည် ။ သားမယားကို ချစ်ရှာသော်လည်း ရှာဖွေရသမျှပိုက်ဆံ အကုန်အပ်လေ့မရှိ။ သည့်အတွက် ကိုသာညိုနှင့် မတင်ရွှေတို့ မကြာခဏ စကားများ တာလည်း ရွာက မကြားချင် အဆုံးပင်။ ကိုသာညိုက ပိုက်ဆံတွေ ဒီးတိုက် အောင်ရတာမျိုး မရှိပေသိ ရသမျှတော့ ကျစ်ကျစ်ပါအောင် စုတတ်သူ ဖြစ်၏။ တစ်ရွာလုံး အံ့သြရတာကတော့ မရွှေတင်၏ ညီမကမွေးသောတူတွေကို ကိုသာညိုက ရှင်ပြုပေးခြင်းဖြစ်၍ ငါးခြောက်ဆီပြန်ချက်နှင့် တစ်ရွာလုံးကို ထမင်းရုံကွဲအောင် ကျွေးခဲ့ခြင်း ဖြစ်သည် ။ တူသုံးယောက် ရှင်လောင်းလှည့်တော့ ကိုသာညိုက တူအထွေးဆုံး ကလေးကို မြင်းပေါ်မတင်ခဲ့။ ကိုယ်တိုင်ချီပိုးကာ ရွာလမ်းတစ်လျှောက်ခါးကျိုးအောင် လှည့်ခဲ့သည် ။

"ကိုသာညိုရယ် ... တော်က ပရိက္ခရာမကိုင်ဘဲ ဘယ့်နှယ့် မောင်ရင်လောင်း ကျောပိုးရသာတုံး ... မြင်းတွေရှိလျက်နဲ့ တော်"

"ငါ့ပိုက်ဆံနဲ့ လှူတာပေသိ ရှင်လောင်း မိဘနှစ်ပါး ပရိက္ခရာကိုင်ကြစမ်းပါစီ ရွှေတင်ရယ် ... ခမျာများ ကိုင်ချင်စမ်းပါရော့မယ် ... နင်လည်း ပရိက္ခရာမရွက်နဲ့ ဒိုးပတ်ဝိုင်းရှေ့က ကွေးနေအောင် ကစမ်းပါဟာ"

မရွှေတင်ကလည်း လင်စကား နားထောင်သား။ ဒိုးပတ်ဝိုင်းရှေ့မှာ ပဝါစုံချ၊ ဆံထုံးမောက်မောက်ကြီး ထုံးတဲ့ ပြီး အယိုင်က ကလိုက်ပုံများ ။ သည် ကတည်းက ကိုသာညိုကို မရွှေတင်ကိုယ်တိုင်က နားပူနားဆာ မ

လုပ်တော့ဘဲ ဘဝကုန်အောင် ပေါင်းခဲ့ရှာပါ၏။ မရွှေတင်ဆုံးတော့ မဗိုင်းတောင့်မိဘများ ပင် ရှိကြသေးသည် ။ သားသမီး မထွန်းခဲ့တော့ မယားဘက်က တူတွေကို သားလုပ်ရင်း ရိုးရိုးသားသား ရှာဖွေ စားသောက်ခဲ့သည် ။ အခုတော့ တူတွေလည်း တစ်ရွာတစ်ကျေးမှာ အခြေကျကြပြီ။ ကိုသာညိုတစ်ယောက် အိမ်ထောင်ရယ်လို့ မပြုတော့ဘဲ လှည်းတစ်စီး၊ ယာ သုံးလေးဧက ကျစ်ကျစ်ဆုပ်ကာ တောင်သူပိန်လောက်နှင့် အရိုးထုတ်တာ ခုထိပင်။ တောင်သူတော့ ကိုယ်တိုင်မလုပ်ဘဲ မြေငှားချသည် ။ လှည်းကတော့ ကိုယ်တိုင်မောင်းသည် ။ ထန်းလက်တိုက်၊ ထင်းတိုက်၊ မီးသွေးတိုက် ကြိုက်ရာခေါ်တော့။ ရွာကိစ္စရှိတိုင်း ကိုသာညိုမပါလို့ မပြီး။ ရွာကချစ်ခင်သလို သူကြီးကလည်း အားကိုးရှာပါ၏။

တစ်ခါသား ကိုသာညို လူရိုးကြီးက စိတ်ကလေး ကစားချင်ချင် ဖြစ်ခဲ့ဖူးတာတော့ ရှိလေ၏။ မယားမရွှေတင် ဆုံးပြီးစ ယောင်တောင်တောင် ဖြစ်နေချိန်မှာ ပုဆိုးအသစ်တွေ ထုတ်ဝတ်သည် ။ ဘန်ကောက်ပုဆိုးတွေ ဒုံးချတာတွေ ဖြစ်လာသည် ။ အင်္ကျီကော်လာမှာ လက်ကိုင်ပဝါ ခေါက်ချိုးချိုးထည့်ကာ မင်းသမီးကို ရှူးပြမှန်း ရွာက သိကြပြီ။ လွန်ခဲ့သည့် အနှစ်နှစ်ဆယ် လောက်တုန်းက ရွာမှာ ဘုန်းကြီးပျံပွဲ ရှိလာတော့ ရေစကြိုက မင်းသမီး စန်းရောင်ခြည်ကို ငှားဖို့ ဖြစ်လာသည် ။ ဆိုင်းတစ်ခြမ်း၊ လူနှစ်ယောက်နှင့် မင်းသမီး ကြိုရမှာ ဆိုတော့ ရွာက လှည်းသုံးစီး ဆင့်သည့်အထဲ ကိုသာညို ထိပ်ကပါလေ၏။ ရွာလူကြီးတွေက ဆိုင်းကိစ္စ၊ မင်းသမီးကိစ္စ ပြောကြဆိုကြ ငှားကြတုန်းကတော့ ကိုသာညိုမပါ။ သွားကြိုချေတော့ဆိုမှ ကိုသာညို ပါရခြင်း ဖြစ်၏။ ဆိုင်းနှင့် မင်းသမီးကို နှစ်ည သုံးည ကြိုခေါ်ထားရသည် ။ ရေစကြိုက ဆိုင်းဆရာအိမ်မှာ မင်းသမီးနှင့် လူပြက်နှစ်ယောက် စောင့်ကြမှာ ဆိုတော့ ဆိုင်းဆရာအိမ်

ကို အကြိုလွှတ်ရသည် ။ ဆိုင်းပစ္စည်းနှင့် ဆိုင်းဆရာတွေက လှည်းနှစ်စီး။ မင်းသမီးနှင့် လူပြက် နှစ်ယောက်က လှည်းတစ်စီး။ ဆိုင်းလှည်းနှစ်စီး ရှေ့က သွားနှင့်ကြပြီ။ ကိုသာညိုက ရွာကို တန်းမမောင်းသေးဘဲ မင်းသမီးနှင့်အဖွဲ့ကို လက်ဖက်ရည်ဆိုင်ရှေ့ လှည်းရပ်ပြီး လက်ဖက်ရည် တိုက်သည် ။ ဆယ်တန်တွေ အထပ်လိုက်ထုတ်ပြီး ငွေချေသည် ။ လူရွှင်တော် နှစ်ယောက်ကို ပိုလိုတစ်ဘူးစီ၊ မင်းသမီးကို မျက်နှာချေ တစ်ဘူး လက်ဆောင်ကမ်းသည် ။ ရေစကြိုမှာ မင်းသမီးက လိုတာကလေးတွေ လျှောက်ဝယ်သခိုက် လူပြက်နှစ်ယောက်က ကိုသာညိုကို စကားစလေ၏။

"ကိုယ့်ဆရာက လူပျိုကြီးနဲ့ တူတယ် ... ပိုက်ဆံတွေ ပေါလှချည့်လား အာစရိရ သူဌေးက ဘယ့်နှယ့် ကိုယ်တိုင် လှည်းမောင်းရတာတုံး"

"လှည်းသမားတွေ စိတ်မချလို့ ပါဗျာ ... ပိုက်ဆံရှိသယ်ရယ် မဟုတ်ပါဘူး ... မယားဆုံးသာ ကြာပါပြီဗျာ ... မိဘများ ထားခဲ့တဲ့ ယာက ဧကနှစ်ဆယ်၊ အပင်နှစ်ရာပါ ထန်းတောက တစ်တော၊ နို့ညှစ်နမ(နွားမ)က ဆယ့်နှစ်ကောင်၊ ခိုင်းနွားက သုံးရှဉ်း၊ မိဘများ ထားခဲ့တဲ့ ရွှေကချည်း ကျုပ်စိတ်ထင် လေးဆယ်သား လျော့လျော့ ရှိမှာ ပေ့ါ ... လူပျိုတော့ မဟုတ်ပါဘူးဗျာ ... မုဆိုးဖိုပါ"

"သားသမီးများကော ..."

"မရှိပေါင်ဗျာ ..."

"ဟာ ... ဟန်ကျပြီ ... ကျုပ်တို့ မင်းသမီးက အပျိုဗျ ... ကောင်မလေးက အစိမ်းကလေးရယ် ... ဆင်းရဲရှာပါတယ်ဗျာ ... ပြန့်ထဘီတစ်ထည်က နှစ်ထည် မင်းသမီးရယ်လို့ ဝယ်မဝတ်နိုင်ရှာပါဘူး ... ခများ ပွဲငှားရှိရင် ငှားဝတ်ရတာနဲ့ ပြီးရတာပါ"

"ရော်ဗျာ ဖြစ်ရလေ ..."

"မင်းသမီး မအေကလည်း ပန်းနာရင်ကျပ် ရောဂါကြီးနဲ့ ဆိုတော့ ဆေးကုရတာနဲ့ ကလိုရတဲ့ ပိုက်ဆံ ကုန်ရရှာတယ်"

"ရော်ဗျာ ဖြစ်ရလေ ..."

"ဖအေကတော့ ပိုးထိလို့ ဆုံးရှာတာ ငါးနှစ်လောက်ရှိပြီ ... ကျုပ်တို့ ပဲ အဖေ ... ကျုပ်တို့ ပဲအမေကိုးဗျ"

"တစ်ချက်မှ မကောင်းပါလားဗျာ ... နေစမ်းပါဦး မင်းသမီးထဘီက တစ်ထည် ဘယ်လောက် ပေးရသာတုံး"

"အစားစားပေ့ါ ... ကောင်းကောင်း ကန်းကန်းထဲကဆိုတောင် မြို့ ထည် ရွှေချည်ထိုးများ တစ်ထည် နှစ်ရာ သုံးရာပေ့ါ ကိုယ့်ဆရာရာ ... ဒါ ဆိုရင်တော့ ဝတ်လို့ လှပါပြီ"

"နို့ ကိုရင်တို့ တောင်ရှည်ကကော ... "

"ကျူထရံ ကွက်တုံးထဲက တစ်ထည် ခြောက်ဆယ့်ငါးကျပ် ... ပဝါ တစ်ပိုင်က နှစ်ဆယ်အစိတ် ... သည် လောက်ပါပဲ သူ့ငွေးရဲ့ "

မင်းသမီး ပြန်ရောက်လာတော့ လှည်းထွက်ခဲ့ကြသည် ။ မင်းသမီး က ကိုသာညို့ဘေးမှာ ပုံ့ပုံ့ကလေးထိုင်လို့ ။ လူပြက်နှစ်ယောက်က လှ ည်းနောက်မြီးမှာ ခြေတွဲလောင်း ချကြလို့ ။ မင်းသမီးဆီက ရေမွှေးဆီနံ့ က သင်းလှသည် ။ လူလုံးလူဖန် သေးဖျောက်ဖျောက်နှင့် အလွန်ချောသူ ကလေးပါလားလို့ တစ်ချက်တစ်ချက် ခိုးကြည့်ရင်း ကိုသာညို တွေးမိပါ ၏။ လှည်းက ချိုင့်ထဲကျသည့်အခါ မင်းသမီးက ကိုသာညို့ခါးကို တင်း တင်းဖက်ရင်း လူပါမှီတော့ ကိုသာညိုရင်ခုန်ရပြီ။ ရွာရောက်တော့လည်း ရွာကကျွေးစရာမလို။ ကိုသာညိုကပဲ သူ့အိမ် တို

က်ရိက်မောင်းကာ ရှိသမျှ ပုံအော ကျွေးမွေးလေ၏။ ပိုက်ဆံလေးရာ စင်စင်ကြီး ထုတ်ပေးပြီးသည် နှင့် ငါ့နှမ ထဘီဝယ်ရော့၊ ကိုလူပြက်တို့ တောင်ရှည်နဲ့ ပဝါ ဝယ်ကြရော့ ဆိုလေ၏။

မင်းသမီးကလေးကပဲ ကိုသာညိုကို အရူးလုပ်တာလား၊ ကိုလူပြက်တို့ ဆင်ထားသမျှ အကွက်ကို ရိုးရိုးသားသား မသိတာပဲလားတော့ မသေချာပါ။ ကိုသာညိုကို ရင်းရင်းနှီးနှီး ရှိသည် ။ ပူးပူးကပ်ကပ် နေသည် ။ ရောရောထွေးထွေး ကလူးကလဲ လုပ်သည် ။ တစ်ရွာက သူစိမ်းရယ်လို့ ရှိုးတိုးရှန့်တန့်မရှိ။ ကျောပုတ်၊ ပခုံးပုတ် ရှိလေတော့ ကိုသာညိုကလည်း သွေးကြွပုံရလေ၏။ လူပြက်တွေက ကိုသာညို့အိမ်ကို မြေမလှန်ရုံတမယ် ဖြောင်းဆန်အောင် မွှေကြရင်းက ကွယ်ရာမှာ မင်းသမီးကလေးနှင့် လော့်ကြပါ၏။ မင်းသမီးကလေးက အရွယ်ငယ်သော်လည်း ဇယဉ်ကျူး နိုင်နင်းလှသည် ။ မျက်ရည်တွေ တွေတွေကျရင်းက ငိုချင်းချသည် ။ ဆရာတော့် ဇယဉ်ပုခက်တန်းကို ခေါင်းနှင့် ပြေးပြေးဆောင့်သည် ။ အဆိုကောင်း အငိုကောင်း။ ရွာက မျက်ရည်ကျကြတော့ ကိုသာညို မုဆိုးဖိုပင်မခံနိုင်။ ငိုလိုက်တာ ကျူသံပါလို့ ။ မင်းသမီး နာမည်ရင်းက မမြစန်း၊ မင်းသမီးနာမည်က စန်းရောင်ခြည်ဆိုတော့ ကိုသာညိုက မစန်းကလေး ခေါ်လေ၏။

"မစန်းကလေးတို့ များ လူသာငယ်သယ် ပညာကြီးချက်ဗျာ ... ကျုပ်တို့ ရွာ နောင်ဘုန်းကြီးပျံများ တော့ ဇယဉ်ကျူး မင်းသမီး မစန်းနဲ့ မှ အံကိုက်ကျမှာ ပဲ"

သည် စကားကြားလို့ ဘုန်းကြီးတွေက ခေါ်ငေါက်ရသည် ။ သူကြီးက ခေါ်ကြိမ်းရသည် ။ ရွာက မြင်ပြင်းကပ်လှပြီ။ လူပြက်တွေကတစ်ဆင့် ကိုသာညို ကွယ်ရာမှာ ကြွားထားသမျှ ရွာလုံး ကြားခဲ့ကြပြီကိုး။ ယာ

က ဧကေနှစ်ဆယ်၊ အပင်နှစ်ရာပါ ထန်းတောက တစ်တော၊ နို့ညှစ်နွားမ က ဆယ့်နှစ်ကောင်၊ ခိုင်းနွားက သုံးရှဉ်း၊ ရွှေက လေးဆယ်သားလျော့ လျော့ ဆိုတာတွေကို လူပြက်တွေကလည်း ယုံခဲ့တာမဟုတ်။ မင်းသမီး ကလေးကို ငါးစာတပ်ပြီး ကိုသာညိုကို ဟပ်ခိုင်းခြင်းသာ ဖြစ်ပါ၏။

"မုဆိုးဖို သာညိုတော့ မရှူးမကောင်းနဲ့ ရှိသာလေး ကုန်တော့မှာ ပဲ ... မင်းသမီးက အရပ်တကာ လူတကာ သည် လိုပူးတာ ... ဒင်းက အ ကောင်းမှတ်လို့ "

"မင်းသမီးက အရိုးခံရယ် ... လူပြက်တွေက လော်လို့ ပိုက်ဆံတွေ ထွက်လှပေ့ါ"

"မယား မရွှေတင်ရှိတုန်းက ငွေမထွက်ပေါင်အေ ... ဘယ်နားကြိတ် စုသယ် မပြောတတ်ပါဘူး ... မင်းသမီး စန်းရောင်ခြည်နဲ့ ကျမှ ထဘီ ဝ ယ်ပေးရသာနဲ့ မျက်နှာချေ ဝယ်ပေးရသာနဲ့ ... ငါဖြင့် အူယားလိုက်သာ နော်"

"ဖြစ်ရပုံများ ... နာမည်ခေါ်သာတောင် မစန်းကလေးတဲ့ ... ကျုပ်ဖြ င့် နားရှက်လိုက်သာ မကလေးမရယ်"

"မင်းသမီးကတော့ကော သာညိုကို လေးညိုတဲ့ ... ဧယဉ်ကျူးနေကျ မိန်းမများ တစ်ရွာလုံးတောင် ငိုအောင်လုပ်နိုင်သာအေ့ ... သာညိုလော က်တော့ ဆွဲမွှေ့နိုင်သာ ဘာဆန်းလိမ့်မလဲ"

ရွာက ဘယ်လိုပြောပြော ရွာဘုန်းကြီးပျံပွဲ သုံးလေးရက်အတွင်း ကို သာညိုခမျာ ဘုန်းကြီးပျံကွင်းနှင့် အိမ်ကို ကူးချည်သန်းချည်ပြုရင်း မင်း သမီးစားဖို့ ချက်ရပြုတ်ရတာ အမော။ ချိုးရေခပ်ပေးရတာ အမော။ ရွာ နားက စိန်နားပန် ဘုရားဟောင်းဆီ လှည်းနှင့် ပို့ရတာအမော။ ဘုန်းကြီးပျံပွဲပြီးတော့ ကိုသာညိုပဲ မင်းသမီးနှင့် လူပြက်နှစ်ယောက် ပြ

န်ပို့ရလေ၏။ ဆိုင်းဆရာ အိမ်ရောက်တော့ မင်းသမီး မမြစန်းကို လူတစ်ယောက်စောင့်နေသည် ။ အရက်ကလေးထွေထွေနှင့် လှည်းပေါ်က ဆင်းလာသော မင်းသမီးကို ဆီးငေါက်တော့သည် ။ လူပြက်နှစ်ယောက်က မျက်စိမျက်နှာတွေများ ပျက်လို့ ။

"ကိုယ့်လူ ပြန်တော့ ... အဲဒါ မင်းသမီးလင်ဗျ ... လူက ခပ်ဆိုးဆိုးရယ် ... ကြည့်ပါလား မယားကို ကြိမ်းမောင်းနေတာ"

"ဘယ့်နှယ့် ... ခင်ဗျားတို့ ပြောတော့ မင်းသမီးက အပျိုဆို"

"ကျုပ်တို့ နဲ့ အတူ လိုက်လာတုန်းကတော့ အပျိုပဲ၊ ကိုယ့်ဆရာရဲ့ ... အခု ကျုပ်တို့ ပြန်လာမှ အိုသွားတာ ... ဒါမျိုးက မြန်တယ်ရယ်"

"မြန်မြန်ပါဦးတော့ ... ခင်ဗျားတို့ ဟာက မြန်လွန်းပါသယ်ဗျာ"

သည် စကားက ဆိုင်းတင် လှည်းဆရာတွေက တစ်ဆင့် ရွာရောက်လာခြင်း ဖြစ်သည် ။ တစ်ရွာလုံးက ရယ်မဆုံးကြ။ တချို့က ကိုသာညို့ကျောကို ထုလိုက်ချင်သာနော်လို့ ကြိမ်းကြတာလည်း ရှိ၏။ တချို့က ကွယ်ရာမှာ မပြော။ ရှေ့မှာ တင် အပြစ်တင်ကြသည် ။ ကိုသာညိုကလည်း မလျှော့။ နောင်ဘုန်းကြီးပျံပွဲကျရင် ကျုပ်က စန်းကလေး ငှားဦးမှာတဲ့ ။ အဲသလို ကိုသာညို။

ငယ်ကလည်း ငယ်သေးတာ တစ်ကြောင်း၊ မယားဖြစ်သူ မရွှေတင်က ဆုံးကာစက တစ်ကြောင်းဆိုတော့ အူတူတူ ဖြစ်နေချိန်ကိုး။ ဒါတောင် ကိုသာညို့ရောဂါက ချက်ချင်း အကင်းမသေ။ အနီးအနားက ရွာတွေဘက် ကိုယ်တိုင်သွားကာ ဆရာတော်ကြီးတွေ နေကောင်းထိုင်သာရှိကြရဲ့ လား စနည်းနာသည် ။ ရွာပြန်လာတော့ ညည်းသတဲ့ ။ ဘုန်းကြီးများကလည်း ကျန်းမာကြဗျား ... တဲ့ ။

မပိုင်းတောင့်က မိုးရေထဲ လှည်းမောင်းသွားသော ကိုသာညိုကို ကြည့်ရင်း အတိတ်က အကြောင်းတွေကို သတိရနေခြင်း ဖြစ်ပါ၏။ အဲသည် ကတည်းက ကိုသာညို ငြိမ်သွားလိုက်တာ ခုထိ။ အသက်ကလည်း ရပြီကိုး။ အင်းလေ ... ကိုယ်တောင် လေးဆယ့်ခြောက်နှစ်ရှိပြီပဲဟာလို့ မပိုင်းတောင့် တွေးသည် ။ ကိုသာညိုက မပိုင်းတောင့်ထက် ဆယ်နှစ်လောက် ပိုကြီးလိမ့်မလားပဲ။ ကိုယ့်ရွာသူတွေ အပေါ်မှာ တော့ မရိုးမဖြောင့် စည်းမစောင့် မရှိတာလည်း အမှန်ပင်။ ဘယ်မိန်းမသားကို မဆို အစ်မ နှမတွေလို ခင်မင်ရှာသူဖြစ်သည် ။ တစ်ကိုယ်ရေ တကာယ ကုပ်ကုပ်ကျစ်ကျစ် ရှိသူဆိုတော့ ဥစ္စာရှိတန် သလောက် ရှိပါ၏။ ဂျီးပုတုက မပိုင်းတောင့်ကို ကိုသာညိုနှင့် နီးစပ် စေချင်ပုံရသည် ။ တောင်ဝှေး တစ်ချောင်းနှင့် ရောက်လာတိုင်း သည် လိုစကားမျိုးသာ ပြောတတ်သည် ။ ကိုသာညို သဘောကောင်းသည့် အကြောင်း၊ မယားမှတ်မှတ် သားမှတ်မှတ် ပေါင်းဖက်မည့်သူ ဖြစ်ကြောင်း၊ မိန်းမသားဆိုတာ လင်သားရှိမှ တင့်တယ်သည့် အကြောင်းတွေက ခပ်များများ ။ ဂျီးပုတု ဘယ်လောက်ပင် ပုတ်နှိုးနှိုး မပိုင်းတောင့်၏ ကိလေသာစိတ်က မနိုးနိုင်တော့။ မိဘတွေ ပေးစားခဲ့သည့် ကိုသံမှိုကို ယူစဉ်ကပင် မပိုင်းတောင့် မလွန်ဆန်ချင်လို့ ယူခဲ့ရတာ မဟုတ်လား။ လင်သားရယ်လို့ အတူ ပေါင်းကြရတော့လည်း မယားဝတ္တရား မပျက်ခဲ့။ အားကိုးအားထား ရှိခဲ့သည် ။ မေတ္တာပမာဏ ကြီးခဲ့ရသည် ။ ကိုသံမှိုဆုံးရှာတော့ မပိုင်းတောင့်အဖို့ ရာဘဝကိစ္စ တစ်ဇာတ် သိမ်းခဲ့ပြီလို့ သာ ခံယူခဲ့ပါ၏။ တောသူတောင်သား မိန်းမသားပီပီ တစ်ပင်ထူချင်စိတ်တွေ ခန်းခြောက်ခဲ့ရပါ၏။ ကိုသာညို ရိုးမှန်းလည်း သိပါ၏။ စိတ်အနှောင့်အယှက် ဖြစ်လောက်အောင် စကားကျူး နှုတ်ကျူး မရှိတာလည်း သိပါ၏။ တစ်ခါတလေ အစ်ကိုလို သားချင်းလို အော်အော်မောင်းမောင်း နှုတ်လှန် ထိုးတာမျိုးကလွဲလျှင် မပိုင်း

တောင့်ဘက်က မစွမ်းရင်းလည်း မရှိ၊ ကန်စွန်းခင်းလည်း မရှိ။ အခု တော့ သမီးတစ်ယောက် ဝမ်းနှင့်မလွယ်ရဘဲ ကောက်ရခဲ့ပြီ။ သံယောဇဉ်ကြိုးတစ်မျှင် တွယ်ငင် ရစ်ခဲ့ရပြီ။ သမီးလေးကို ကြည့်လိုက်တော့ လက်ထဲ ထည့်ပေးထားသည့် ပဲမြစ်ပြုတ် တစ်တောင့်ကို သွားရည်တမျှားမျှားကျအောင် ကိုက်နေသည် ။ သန္ဓေတော့ကောင်းသား။ ရောက်ကတည်းက ငိုသံမရှိ။ မအေ့နို့ စို့ရှာတုန်းများ လား။ ထမင်းတစ်ဆုပ် ဝါးခွံ့ရုံပဲလား။ ရွာထဲမှာ တော့ နွားနို့ ဆိတ်နို့ ပေါလှသည် ။ ဘယ်အိမ်က သွားယူယူ ကြိုက်သလောက်ယူနိုင်သည် ။ မနက်ဖြန်တော့ ရွာအကြော်ဆိုင် ပြန်ဖွင့်ရဦးမည်။ ကလေးတစ်ဖက်နှင့် ဖြစ်မှ ဖြစ်ပါ့မလား။ တိုးစိန် ရှိသားပဲလေ။ တိုးစိန်ကို အိမ်ခေါ် ထားရတော့မှာ ပေါ့။ အပြင်မှ ဝါခေါင်မိုးက ခပ်သဲသဲ ရွာတုန်း။ မပိုင်းတောင့်က ကလေးကို ကောက်ပွေ့သည် ။

"ဗျပ်စောင်းနဲ့ ဘာဂျာ ×× တေးကဗျာအဆန်း ဘေးဘယာမသန်း ရွှင်လန်းသာယာ ×× အနယ်နယ်အရွာရွာ ထင်ရှားလို့ သာ ×× ဂဏန်းအသစ်မပေါ်လာ ×× မင်္ဂလာ မအေးချစ်ကတော့ ဝမ်းတစ်ဖော်ပါ ×× သမီးကလေး ဝါခေါင်မိုးက ရှိခိုးရအခါခါ"

မပိုင်းတောင့်က အငြိမ့်သီချင်းထဲ သမီးအကြောင်း ထည့်ဆိုရင်း သူ့ကိုယ်သူလည်း အူတက်အောင် ရယ်လေ၏။

***

"တိုးစိန်ရေ ငါ့သမီးများ ညှော်နေမလား ... ပုခက်လွှဲလိုက်ဦး"

မပိုင်းတောင့်က အကြော်မီးကျင်း ပူပူလောင်လောင် အကြော်ဆီဒ

ယ် ပူပူလောင်လောင်ကြား ဒူးတိုက်ထိုင်ရင်းက တိုးစိန်ကို လှမ်းခိုင်းလိုက်ခြင်း ဖြစ်၏။ ကလေးတစ်ယောက် ကောက်ရတာကို ကုသိုလ်ထူးသည် ထင်မှတ်သူဆိုတော့ ကလေးအတွက် ကရိကထများ သည် မအောက်မေ့။ သို့သော် တစ်ယောက်တည်းတော့ မနိုင်။ ပရိယေသန ဝမ်းစာက တစ်ဖက်ရှိသေးတာ မဟုတ်လား။ သည် တော့ တိုးစိန်ကို အိမ်မှာ သာလာနေပါတော့အေလို့ အပြီးခေါ်ထားရပြီ။ တိုးစိန်ကလည်း မငြင်းပါ။ တိုးစိန်မှာ မိဘနှစ်ပါးမရှိတော့။ ရွာထဲမှာ မိမျိုးဘမျိုးတွေ ရှိသော်လည်း ကိုယ်လုပ်မှ ကိုယ်စားရသူဆိုတော့ လူတကာခိုင်းဖတ်လို ပြေးပြေးလွှားလွှား ရှိရသူပင်။ အသက်က သုံးဆယ်နားကပ်နေပြီ ဆိုသည့်တိုင် လူကဒေါ်ရိဒေါ်ရာ (တော်ရိတော်ရာ) ထဲက ဖြစ်၏။ အူချင်သည့်အခါ အူသည်။ ထူချင်သည့်အခါ ထူသည် ။ အပျိုရယ်လို့ ကြည်ကြည်လင်လင် သန့်ရည်ပြန့်ရည် မရှိ။ ခေါင်းခြောက်ကြီးနှင့် အမြဲတမ်း ခေါင်းတစ်ခြမ်း ကိုက်လို့ ဆိုတာနှင့် နေကုန်ရသူဖြစ်သည် ။

"အရီးနှယ် ... ကျုပ်ဟာကျုပ်တွေးသာပါ ... ကျုပ်ကို နတ်ပြုစားထားသယ် ထင်သာပဲ ... ကျုပ်ခေါင်းက အရင်မကိုက်ဘူးရယ် ... နတ်ကွန်းစင်ကပြန်မှ ကိုက်လာသာ ... နတ်များ လုပ်သလားတော်"

"ဟဲ့ ... တိုးစိန်မရဲ့ ... ညည်းက ဘယ်နတ်ကွန်း ဘာသွားလုပ်လို့တုံး ... မဟုတ်သာ ပြောရှော့မယ်"

"ဩော် ... အရီးနှယ် ... ဒွေးပန်းကုံးတို့ ဝါဝင်ဝါထွက် နတ်ကွန်းကို အပအသ သွားသာကော ... ကျုပ်ကို ကန်တော့ပွဲရွက် လိုက်ခဲ့ဆိုလို့ လိုက်သွားပါသယ် ... သူရို့က သူရို့အလုပ်နဲ့ သူရို့ ပသနေတုန်း ကျုပ်က မနေနိုင်သာနဲ့ နတ်ကွန်းဝိုင်းထဲ သေးပေါက်မိသယ်လေ"

"ညည်းနှယ်အေ ... ဖြစ်ရလေ ... မရှိမသေ ... တောင်းပန်ခဲ့ရဲ့ လား

"

"မတောင်းပန်ခဲ့ပေါင်"

"ညည်း ဖြစ်သာတောင်နည်းသေး ... မနက်ဖျင် မနက်စောစောသွားပြီး တောင်းပန်ချေ ... ကျွန်တော်မျိုးမ မရှိသေလို့ မဟုတ်ပါဘူး ... အမိုက်အမဲ ပြုမိသာရှိရင် ခွင့်လွှတ်ပါ ... ပန်းခုနစ်ပွင့် ငါးကြော်ခုနစ်ကောင် လက်ဖက်တစ်ပွဲ ဆေးလိပ်ခုနစ်လိပ် ထန်းရည်ခုနစ်ခွက်နဲ့ တင်ပါသယ် မြှောက်ပါသယ် ... နှုတ်က တောင်းပန်"

"အလုပ်ရှုပ်ပ့ါ အရီးရယ် ... ကျုပ်မယ် အဲသာတွေ ဘယ်တတ်နိုင်မှာတုံးတော့်"

"ညည်းပါးစပ်နဲ့ တော့ ခေါင်းတစ်ခြမ်းကိုက်က နှစ်ခြမ်းကိုက် ဖြစ်ကရော့မယ်အေ ... မိုင်းတာမ"

ထနောင်းပင်လှမှာ ဒွေးပန်းကုံးအပါအဝင် တခြားနယ်ဘက်က ပြောင်းလာသူ လေးငါးအိမ်ရှိသည် ။ ကြာကြပါပြီ။ နှစ်ပေါင်း သုံးလေးဆယ်လောက် ကတည်းက သည် နယ်ကို ရောက်လာကြသူတွေ ဖြစ်ပါ၏။ ဆိုင်ရာ ရိုးရာနတ်က ဖွားချမ်းသာနတ် ခေါ်ကြသည့် အမေဂျမ်း နတ်ဖြစ်သည် ။ ပျဉ်ကာပျဉ်ခင်း လေးပေပတ်လည်လောက် ဆောက်ပြီး ရွာစွန် အင်တိုင်းစပ်မှာ နေရာပေးထားလို့ ထိုနေရာကို အမေဂျမ်းနတ်ကွန်း ခေါ်ကြခြင်း ဖြစ်သည် ။ ဒွေးပန်းကုံးတို့ မိဆိုင်ဖဆိုင်နတ်ဆို၏။ ဒွေးပန်းကုံး ပြောပြဖူးသလောက်တော့ ဖွားချမ်းသာက သဘောကောင်းသည် ။ အင်းဝသား သူခိုးငတက်ပြား ခေါ်သည့် ကိုတက်ခါးနှင့် ကြိုက်ရာက ချစ်သူသောက်ဖို့ စမုံမြစ်ရိုး ထန်းရည်ကို နေ့စဉ် ရှာတိုက်ရသည် ။ သည် လိုနှင့် ဖွားချမ်းသာ ကိုယ်တိုင် ထန်းရည်ကြိုက်ရာက ထန်းရေ မူးလာပြီဆိုလျှင် ကြမ်းကြမ်းတမ်းတမ်း ဆဲတတ်သည် ဆို၏။ ဟုတ်သော်ရှိ

၊ မဟုတ်သော်ရှိ တောင်းပန်လိုက်တော့လည်း စိတ်သန့်ရမြဲပင်။ သည်အဖြစ်က လွန်ခဲ့သော သုံးနှစ်လောက်က ဖြစ်ခဲ့သည် ဆိုသော်လည်း တိုးစိန်က ခေါင်းတစ်ခြမ်း ကိုက်တယ် ဆိုတာမျိုး သတိရတိုင်း ပြောလေ့ရှိသည် ။ တစ်ခါတစ်ရံ  အမေဂျမ်း ခေါ် ဖွားချမ်းသာ၊ ဖွားချမ်းသာ၏ အစ်မ မလုံးပြည့်၊ ဖွားချမ်းသာ၏ ညီမ မပြည့်သာတို့ ညီအစ်မသုံးယောက် အကြောင်းတွေ တွတ်ပွတွတ်ပွ ပြောနေတတ်လို့ မဗိုင်းတောင့် ငေါက်ရတာ များ ပြီ။

"ဖွားချမ်းသာက ထရေအိုးရွက်ပြီး ကိုတက်ခါးရှိရာ အင်းဝနန်းတော်ကို လိုက်သာကိုးအရီးရဲ့ ... ကိုတက်ခါးက အင်းဝနန်းတော်မှာ ရွှေတိုက်စိုး ဖြစ်နေသာတဲ့ ... ဖွားချမ်းသာက တံခါးစောင့်တွေကို နန်းတွင်း မသွင်းရကောင်းလားလို့ ဆဲရာက တံခါးစောင့်တွေ သတ်လို့ သေရတာ ကျုပ်သိပ့်၊"

ဒွေးပန်းကုံးတို့ ဝိုင်းတိုက်ဆီက ကြားလာတာတွေ ပြန်ပြောရင်း သူလည်း အမေဂျမ်းလို ရွှေတောင်ရှာသူ ဖြစ်ခဲ့သလိုလို ပြောတာမျိုးလည်းရှိသည် ။ ဖွားချမ်းသာ နတ်ပင့်သီချင်းတွေ ဆိုပြတာလည်း အဟုတ်။

"ရွှေတောင်ရှာသူ ×× တက်ပြားသဒ္ဒါတူလို့ ×× မယ်ချမ်းသာ ဖြူဖြူဖွေး ××အေးမြသီတဂူ ×× မြူအိုးရယ်ဆူ ×× ဖြူပေကွယ့်လဲ့သမ်း ×× ငှက်ခါးတောင် ထရေခါးရယ်နဲ့ ဆီးကြိုလှည့်စမ်း"

မဗိုင်းတောင့်မှ မဟုတ်။ ထနောင်းပင်လှမှာ တိုးစိန်ကို အားကိုးကြရသည် ။ ဖိုးဖိုးဇတ်ဇတ် ရှိလွန်းလို့ အရေးရှိတိုင်း တိုးစိန်ကို ရှာကြရသူတွေချည်းပင်။ တိုးစိန်ကလည်း ဘယ်သူက ခိုင်းခိုင်း ငြင်းသည် မရှိ။ လုပ်နိုင်တာ လုပ်ပေးသည် ။ မီးနေစောင့်၊ လူမမာစောင့်ကအစ ရေခပ် ထင်းခွဲမကျန်  လုပ်ပေးရှာသူဆိုတော့  စက်ကျရာမှာ ပျော်နေတတ်သည် ။

ဘုရားပွဲ၊ ကျောင်းပွဲတွေမှာ အကြော်ဆိုင်ထွက်ဖို့ ရှိလာတော့လည်း မဗိုင်းတောင့်အိမ်ကို အပြေးအလွှား ရောက်လာတတ်ပါ၏။ မဗိုင်းတောင့်က တိုးစိန်ကို တောထည်ကလေး၊ သရက်ထည်၊ ပွင့်ရိုက်ထည် ကလေးတွေ ဆင်ရသည် ။ လက်လှည့်သုံးလိုတော့လည်း ပေးသည် ။ လုပ်ခရယ်လို့ မဟုတ်ဘဲ မနစ်နာအောင် ပေးတာမျိုးလည်း ရှိသည် ။ တစ်ခါတစ်ရံ ကျုပ်ခေါင်းတစ်ခြမ်း ကိုက်သယ် ဆိုတာမျိုးကလွဲလို့ တိုးစိန်ကြောင့် ဝန်ပိုရသည် မရှိ။ အားကိုးရတာပဲရှိတော့ မဗိုင်းတောင့်ကလည်း တိုးစိန်ကို ချစ်ခင်ရှာပါ၏။

တိုးစိန်ကို မဗိုင်းတောင့် ငေါက်ရဖူးသည် ။ မနှစ်က ထင်ပါရဲ့ ။ တိုးစိန် တောင်ချောင်ကို သွားရာကအပြန် မဗိုင်းတောင့်ကို တစ်မျိုးပြောပြန်လို့ ဖြစ်၏။ ရိုးရာပျောက်နေတာ ခုမှ တောင်ချောင်က မမအုန်းကျင်ပြောလို့ ပြန်ပေါ်လာသတဲ့ ။ ဘာရိုးရာတုန်းဆိုတော့ အမေရွှေပုနတ်လို့ ဆိုသည် ။ မမအုန်းကျင်တို့ ဗိုင်းတိုက်က မြင်းခြံနယ် ခေါင်းကွဲဘက်က ဖြစ်လေတော့ သူတို့ ရိုးရာနှင့် သူတို့ ရှိပါလိမ့်မည်။ တိုးစိန်က ဒါကိုကြားလာပြီး ပြောခြင်း ဖြစ်၏။

"အမေရွှေပုမယ်က ဘုရင့်မိဖုရားကိုး အရီးရဲ့ ... သူ့မောင်တော်စဂဒိန် (စက္ကတိန်)အမတ်နဲ့ တိုင်းပြည်က အနှင်ခံရတော့ လွမ်းစေတီတည်သာ ... ဘုရင်က ဆင်တော်နဲ့ ဖမ်းရာမှာ ဆင်ပေါ်က ပြုတ်ကျပြီး ခေါင်းကွဲကရော ... ခေါင်းကွဲရာက နတ်ဖြစ်လို့ ခေါင်းကွဲနတ်လို့ ခေါ်သာ"

"အဲသာ ညည်းနဲ့ ဘာဆိုင်လို့ တုန်း တိုးစိန်ရဲ့ ... ညည်းမိဘများ မိဆိုင်ဖဆိုင်နတ်က ပခန်းကိုကြီးကျော်ပါအေ ... ငါတို့ မသိပဲလား ... တစ်သက်လုံး ညည်းမိဘများ ကိုကြီးကျော်ပွဲ တင်နေကျဟာကို"

"ဟုတ်ကဲ့လား ... မမအုန်းကျင်ဆိုပြတဲ့ သီချင်းက ကောင်းသယ်အ

ရီးရဲ့ ဘာတဲ့ ... "

"လွမ်းစေတီ တည်မိတဲ့ အရေး ×× မကြင်သနော် ဆင်တော်နဲ့ ဖမ်းပြန်ရင်း ×× နန်းဆန်သူ လှယမင်း ဆင်တော်နင်းလို့ ခံဒါ(ခန္ဓာ)ကြေ ×× ဆိုလား"

တိုးစိန်က လူကသာ မရှုးမကောင်း၊ ရလိုက်သည့် နတ်သီချင်းတွေဆိုတာ ဆူဆူဝေလို့ ။ ထူးတာက သည် ဘက်နှစ်တွေမှာ တိုးစိန် နတ်ကြောင်းရယ်လို့ ပိုးပိုးပေါက်ပေါက် မပြောပြန်။ ခေါင်းတစ်ခြမ်းလည်း မကိုက်တော့။ တစ်ခါတစ်ရံ ဇာတ်ပွဲက ရလာသောသီချင်း၊ တစ်ခါတစ်ရံ နတ်ပွဲက ကြားလာသော သီချင်းတွေ ညည်းတတ်သလောက် ညည်းတာကတော့ ပါးစပ်နှင့် ပြတ်သည် မရှိ။ တိုးစိန်ရှိတော့ မဗိုင်းတောင့် လက်တိုလက်တောင်း ခိုင်းရသည် ။ တူဝရီးနှစ်ယောက် တိုးတိုးဖော်ကလေးရလို့ အားလည်း ကိုးရပါ၏။ လုံ့ရှိတော့ ဓားနေသာ၊ ဓားရှိတော့ လုံ့နေသာသလို အချင်းချင်း မှီရပါ၏။ မဗိုင်းတောင့်က သူ့ကြီးတော်ကမွေးသော ဇီးမ၏ ကလေး တစ်နှစ်တစ်ဝါ ထိန်းပေးပါ ဆိုလို့ ပါအေ ဆိုသည့်စကားကို တိုးစိန်ယုံရှာသည် ။ စပ်စုတာတော့ရှိသည် ။ ကလေးဖအေက ဘယ်ရောက်လို့ တုံး၊ ဇီးမနဲ့ သူ့လင်က ဘာဖြစ်လို့ ကွဲကြတာတုံး၊ သူတို့ ရွာက ဆွေမျိုးတွေက ဘာဖြစ်လို့ တာဝန်မယူကြတာတုံး။ မဗိုင်းတောင့်က တိုးစိန်ကို ရေလည်အောင် ပြောပြရပါ၏။ တိုးစိန်က "ရွာမောင်း"မဟုတ်လား။ အားချိန်တွေမှာ အိမ်ပေါက်စေ့ ရောက်သူဆိုတော့ ရွာက ကြားစေချင်သည့် စကားတွေ ထည့်ပေးရသည် ။

"အရက်သမားနဲ့ ညားသာကိုးအေရဲ့ ... တစ်နေ့ တစ်နေ့ ရမယ်ရှာပြီး အရီးကွဲအောင် ရိုက်နေတော့ ငါ့ညီမခမျာ ဘယ်ခံနိုင်မှာတုံး ... ကွဲကြတော့ ကလေးနဲ့ လုပ်စားလို့ ကလည်း မဖြစ် ... လင်ကလ

ည်း ကလေးကို ဖွတ်လုနေတော့ ပွဲညတုန်းက ကလေးကို ခေါ်ထားပေးပါ အစ်မရယ် ကျုပ် တစ်နှစ်တစ်ဝါ ပိုက်ဆံ ထွက်ရှာစမ်းပါရစီတဲ့ ... ငါ့မှာ ကလေးသားမြေး မရှိတော့ ကျွေးနိုင်မွေးနိုင် ရှိသယ်ရယ်လို့ အပ်ထားခဲ့သာပေါ့ တိုးစိန်ရယ် ... ငါကလည်း ဘယ့်နှယ့်လုပ် ငြင်းမတုံး"

"ကလေးနာမည်က ဘယ်သူတဲ့ တုံးတော့်"

"မမေးခဲ့မိပေါင်အေ ... မိုးတွေက တအုန်းအုန်း ရွာနေတော့ သူလည်း ကတိုက်ကရိုက် ငါလည်း တရွှတ်သိုးသီနဲ့ ... ဇီးမလည်း ငါ့ဆီ ကလေး ထိုးထည့်ပြီးသာနဲ့ အဖော်တွေနဲ့ ပြေးကရော ... ငါက ကလေးနာမည်ကို ဝါခေါင်မိုးလို့ ပေးထားသယ် ... ဝါခေါင်လ ဝါခေါင်ပွဲမှာ မိုးကြီးလေကြီး ကျတဲ့ အထဲက ရခဲ့တဲ့ ကလေးကိုးအေ့"

"ကျုပ်အမေက ကျုပ်ကို တော်သလင်းလကြီး မွေးသာ အရီးရဲ့ ... ညည်းမွေးတုန်းကအေ ... တော်သလင်းနေ ပုဇွန်သေ ... ပူလိုက်သာ ကျိုက်ကျိုက်ဆူလို့ လို့ ပြောဖူးသယ် ... ကျုပ်ကျတော့ အမေက တော်သလင်းနေလို့ မမှ ည့်ခဲ့ပေါင်တော်"

"တိုးစိန်ရယ် ... ငါပြောမယ် ... သည် ကလေးက ငါ့ညီမကမွေးတဲ့ ငါ့တူမ ... ညည်းအဖို့ ရာလည်း တူမလေးလို့ သာ သဘောထားတော့ ... ကလေးမအေ ပြန်မလာမချင်း ညည်းရောငါရော သည် ကလေး အသွေးလှအောင် မွေးကြဖို့ ရှိသာပ ... ငါ့တူမလေး စောင့်ရှောက်ပါအေ"

"စိတ်ချပါ အရီးရယ် ... ကျုပ်က လင်မရလို့ ကလေးမရဖူးသာ ရှိသာပါ ... ကလေးများ မွေးတတ်ပ့ါ"

သည် လိုနှင့် မနက်ဘက် အကြော်ထွက်ကြတော့ ကလေးပါ ပိုက်ခဲ့ကြရသည် ။ အကြော်တဲနားမှာ ညောင်သုံးပင်ရှိသည် ။ အကြော်

ညှော် လွတ်လောက်သည့် ကပ်လျက် ညောင်ကိုင်းမှာ ပုခက် ဆင်ရသည် ။ တိုးစိန်က ကလေးထိန်း၊ ကလေးချော့။ ဇာတ်သီချင်းတွေလည်း ပါ၏။ နတ်သီချင်းတွေလည်း ပါ၏။ မဟုတ်ကဟုတ်က ဟိုတစ်စ သည် တစ်စ လုပ်ကြံကာ လက်တန်းဆိုသည့် သီချင်းတွေလည်း ပါပါ၏။ မဗိုင်းတော င့်ပင် အကြော်ကြော်ရင်းက ရယ်ရတာတွေ များ ပြီ။ တစ်ခါတလေလည်း နိမိတ်မရှိနမာမရှိ ဆိုနေလို့ လှမ်းငေါက်ရသည် ။

"ညည်းအမေ ဇီးမ လက်ဖက်ခူးသွား ×× အတက်များ စူးရောသလားအေ ×× ဖအေက အရက်သမား ခက်များ ခက်ရပေ ×× ဟဲ့ အကောင်ရဲ့ ×× တော်သလင်းနေ ပုစွန်သေ ×× ဝါခေါင်မိုးရဲ့ အမေ"

"မဟုတ်ကဟုတ်ကအေ ... ငါ ထင်းချောင်းနဲ့ လှမ်းပစ်လိုက်မနော်"

***

တစ်ရက်တော့ ဆွမ်းခံပြန်ချိန်လောက်မှာ ဂျီးပုတု အကြော်တဲကို ရောက်လာခဲ့သည် ။ တိုးစိန်က လူပါးချိန်ဆိုတော့ ကလေးပွေ့ရင်း ရွာထဲသွားနေသခိုက် ဖြစ်ပါ၏။ အကြော်မီးကလည်း ငြိမ်းပြီးပြီဆိုတော့ အကြော်ကျန်ကလေး ထိုင်ရောင်းရုံသာ။ ဂျီးပုတုက အကြော်အေးအေး ကလေး တစ်ဖွဲ့မြို့ရင်းက ရေနွေးကြမ်း တစ်ခွက် နှစ်ခွက်သောက်သည် ။ ညောင်ပင်ကိုင်းက တွဲလောင်း ကျနေသည့် ပုဆိုးဟောင်းပုခက်လွတ်ကို လှမ်းကြည့်သည် ။

"ကလေးကော"

"တိုးစိန် ရွာထဲခေါ်သွားသယ် ... ကျုပ်မလဲ တိုးစိန်ရှိလို့ သာပါ ဂျီးပု

တုရယ် ... သည် အရွယ်ရောက်မှ ကလေးတစ်ကောင်နဲ့ ဆိုတော့ ကသီတော့ကသီသား"

"ညည်းဒါကြောင့် ငါက လင်ယူလို့ ပြောသာပေါ့အေ့ ... ညည်းအမေညက အိပ်မက်ပေးလို့ ငါထလာသာ ... အခု ညည်းမွေးထားတဲ့ ကလေးက ဘယ်သူတဲ့ "

"ဝါခေါင်မိုး"

"အေး ... ငါ့အိပ်မက်ထဲ ညည်းအမေ ကိုယ်တိုင် ပီပီသသကြီး ပြောသာပါအေ ... မယုံမရှိစမ်းပါနဲ့ ... မပုရယ်တဲ့ ဗိုင်းတောင့်ကို ကျုပ်မွေးတုန်းက မင်းသမီးဓာတ် မပါပေသိ အခု ဗိုင်းတောင့် မွေးစားထားတဲ့ ကျုပ်မြေးလေးတော့ မင်းသမီးစိတ် သွင်းပေးရမတဲ့ ... ညည်း အခုမွေးထားတဲ့ ကလေးမလေး မင်းသမီးဇမပါရင် ငါ့ကို ပြောချင်တိုင်းပြောလှည့်"

"မဟုတ်တဲ့ စကား ပြောရော့မယ် ဂျီးပုတုရယ် ... သူငယ်များ ပြန်ရော့လား"

"ဘယ့်နှယ့်မဟုတ်ရမှာ တုံးအေ့ ... ညည်းအမေက တစ်ပွဲက နှစ်ပွဲက ခုတင်ထိုး ရွာ့မင်းသမီးကလေး ဖြစ်ခဲ့ဖူးသယ် ... တခြားရွာသွားကရင် ငါက ညည်းအမေ ဇာတ်ဖာရွက်ပြီး လိုက်ခဲ့ရသာ ... ညည်းအမေရဲ့အဖေ ညည်းအဘက စိတ်က အင်မတန် ခက်ထန်သယ် ... ဒါပေသိ သူ့သမီးကလေး တခြားရွာက မင်းသမီးအငှားလာရင် လှည်းနောက်ကနေမြင်းစီးပြီး လိုက်ပို့သေးသာ ... ကမယ့်ရွာရောက်မှ လှည့်ပြန်သာအေရဲ့ "

"ဟုတ်ရဲ့ လား ဂျီးပုတုရယ် ... ကျုပ်ဖြင့် သည် အရွယ်သာ ရောက်ကရော မကြားမိပါဘူး"

"လွန်ခဲ့တဲ့ နှစ်ခြောက်ဆယ်လောက်က ကိစ္စပါအေ ... ရွာမှာ တောင်သည် အကြောင်း သိသူ ရှားပါပြီ ... ညည်းအမေ ဆယ့်လေးနှစ်သမီးက တောမင်းသမီး ဖြစ်ခဲ့သာဆိုတော့ ကြာပြီကော မိုင်းတောင့်ရဲ့ "

"အဖေကလည်း မပြောဘူးပါလား ဂျီးပုတုရယ်"

ဂျီးပုတုက စကားများများ ပြောရလို့ မောသွားသလို အသံ မထွက်ပြန်တော့။ လက်ထဲက စားလက်စ မုန့်တစ်ဖဲ့ကို ခပ်ဝေးဝေး လှမ်းပစ်လိုက်သည် ။ ကျီးကန်းတစ်ကောင်က ညောင်ပင်ကိုင်းပေါ်က ရုတ်ခနဲ ထိုးဆင်း လာပြီး မုန့်စကို လှစ်ခနဲ ထိုးသုတ် သွားလေ၏။ ဒါကို ဂျီးပုတုရော မမိုင်းတောင့်ပါ မြင်လိုက်ရသည် ။ ဂျီးပုတုက တော်တော်ကြီးကြာမှ စကားဆက်ပါ၏။

"ညည်းအဖေက တစ်ရွာသားကိုးအေရဲ့ ... ညည်းအမေနဲ့ တော်တော်ကြီး ကြီးမှ ညားကြသာ ... နေဦး ညည်းအမေအကြောင်း ပြောဦးမယ် ... ထိတ်စရာ လန့်စရာလည်း ကောင်းပါရဲ့ ... အဲသည် ကတည်းက ညည်းအမေခမျာ မကလိုက်သာ ဘဝကုန်တဲ့ အထိပါပဲအေ ... ကများကရင် နာမည်ကြီးလှပေ့ါ"

"ဘယ်လိုဖြစ်လို့ တုံး ဂျီးပုတုရဲ့ "

"ညည်းအမေ ဝါသနာကို စွန့်သာများ ကျီးကန်း မုန့်သုတ်သာကမှ နေ့းသေးသယ် ... ဖြစ်ရပုံက သည် လိုအေ့ ..."

*****